မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၂၀)

၁၃၇ဖ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ တနလာနေ့။

ဒါနဥ္စ ဇေတ်မင်္ဂလ မုတ္တာမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရင်မြို့ရှိ အကြီးစားစက်မှုလုပ်ငန်းများအား ကြည့်ရှုလေ့လာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရင်မြို့ရှိ ဖီးယက်ကုမ္ပဏီ၏ Maserati အဆင့်မြင့်မော်တော်ယာဉ်စက်ရုံ၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

တူရင် အောက်တိုဘာ ၁၉

အီတလီနိုင်ငံ မီလန်မြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့သည် တူရင်မြို့တော်ဝန် မစ္စတာ ပရီရိုဖက်ဆီနို၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် မီလန်မြို့မှ တူရင်မြို့သို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိကြပြီး တူရင်မြို့ရှိ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် အကြီးစား စက်မှုလုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့သည်။

တူရင်မြို့သည် အီတလီနိုင်ငံမြောက်ပိုင်းရှိ ပြဲမောင့်တေးပြည်နယ်၏ မြို့တော်ဖြစ်ပြီး အီတလီမြို့ကြီးများအနက် တတိယအကြီးဆုံးမြို့ဖြစ်သည်။ တူရင်မြို့သည် စက်မှုလုပ်ငန်းများ အဓိကထွန်းကားသည့်အပြင် ရှေးဟောင်းပြတိုက်များနှင့် နှစ်ပေါင်း ၆၀၀ ကျော် သက်တမ်းရှိသည့် University of Turin နှင့် Turin Polytechnic တို့သည် ထင်ရှားကျော်ကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် တူရင်မြို့ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့် IREN ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေမှုနှင့်

စာမျက်နှာ ၈ ကော်လံ ၆ ✺

နိုင်ငံတကာ

အမေရိကန်ပြည်သူ ၄၈ သန်း ဆင်းရဲမှုနှင့် ကြုံတွေ့

စာမျက်နှာ ❖ ၄

ဆောင်းပါး

ကျွန်တော်နဲ့ အင်္ဂလိပ်စာ

စာမျက်နှာ ❖ ၆

အားကစား

အန်ဖီးလ်ကွင်းမှာ ကြိုးကြာနီတို့ အခြေအနေကောင်းပါ့မလား

စာမျက်နှာ ❖ ၁၃

RB Ph:662107, 9669012, 0973028674, 02-77838,053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905.

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအလေးထား

"မီးသည်သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူ" ဟူသော စကားအတိုင်း လျှပ်စစ်သည်လည်း လူတို့အတွက် သုံးတတ်လျှင်အကျိုးရှိနိုင်ပြီး အသုံးမတတ်လျှင် အသက်ကိုပင် အန္တရာယ်ပြုနိုင်ပါသည်။ ပြီးခဲ့သည့် မိုးဦးကာလအတွင်း လေပြင်းများတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်ကြိုး မတော်တဆ ပြုတ်ကျခဲ့၍ ထိခိုက်သေကျေမှုများရှိခဲ့ပါသည်။ ဤဖြစ်စဉ်များကို အကြောင်းပြုလျက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်သင့်ပြီဖြစ်ကြောင်း သတိပြုမိလာသည်။

ယခုအခါ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု သိသိသာသာ တိုးလာသည့်အလျောက် လွန်ခဲ့သည့်ဆယ်စုနှစ်နှင့် နှိုင်းစာကြည့်လျှင် လျှပ်စစ်ကြောင့်ဖြစ်ပွားရသည့် မတော်တဆမှုများသည် လည်းတိုးလာသည်။ အထူးသဖြင့် မီးလောင်မှုအများစုတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်းအကြောင်းရင်းကလည်း ရာခိုင်နှုန်း တစ်ခုအဖြစ်ပါဝင်လာသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုမှာ ဓာတ်ကြိုးပြုတ်ကျခြင်းထက် နေအိမ်၊ စက်ရုံ၊ အလုပ်ရုံများ၌ အများဆုံးဖြစ်သည်ကိုတွေ့ရပေသည်။ လျှပ်စစ်ကြောင့် ဖြစ်ပွားရသည့် မတော်တဆမှုအများစုသည် လူတို့၏ပေါ့ဆမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း ပညာရှင်တို့က လေ့လာသုံးသပ်ထားပါသည်။ မည်သို့ပင်ဖြစ်စေ လျှပ်စစ်ကြောင့် ဖြစ်ပွားရသည့် မတော်တဆဖြစ်စဉ်များ လျော့ပါးရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။

ယခုအခါ လျှပ်စစ်ဓွမ်းအားဝန်ကြီးဌာနအနေဖြင့် SWG No.4, No.6, No.8 စသည့် ကြေးကြိုးများသည် ဈေးနှုန်းကြီးမြင့်ခြင်း၊ အန္တရာယ်များခြင်း၊ မသမာမှုများပြုလုပ်နိုင်ခြင်းတို့ကြောင့် Insulated Conductors မီးကြိုးများ အစားထိုး လဲလှယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် ဓာတ်အားလိုင်းကြိုးများ ပြုတ်ကျပါက ဓာတ်လိုက်ခံရမှုမရှိစေရန် ဓာတ်အားလိုင်းများတွင် Earth Ring, Earth Bar System များ တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများ ပြုတ်ကျခြင်းမှ ကာကွယ်ရန် ဓာတ်အားလိုင်းများတွင် Line Guard များ၊ Line link Connection များ တပ်ဆင်ခြင်းတို့ကို မြို့နယ်များ အလိုက် စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ယခင်က ဓာတ်အားဖြန့်ဖြူးရာတွင် ထရန်စဖော်မာအရွယ် အစားကြီးမားခြင်းကြောင့် လိုင်းကြိုးများပေါ်တွင် ဓာတ်အား စီးဆင်းမှုပမာဏများပြားသဖြင့် လိုင်းကြိုးပေါ်ရှိ အားနည်းနေရာ များဖြစ်သည့် အဆက်အထုံးများ၌ ပြုတ်ကျနိုင်ခြင်းရှိသဖြင့် ယခုအခါ သေးငယ်သော ထရန်စဖော်မာအရွယ်အစားကို ရွေးချယ်သတ်မှတ်ပြီး အလုံးရေများများ တပ်ဆင်ထားပေးသည့် Multi-Transformer စနစ်ကို စတင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများကိုလည်း ကျွမ်းကျင်မှုသင်တန်းနှင့် ပညာပေးသင်တန်းများ ပို့ချသွားရန်စီစဉ်လျက်ရှိပါသည်။ လျှပ်စစ်ဓွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပိုစတာများ စိုက်ထူအသိပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းစသော ပညာပေးရေးအစီအမံများလည်း ပြုလုပ်လျက်ရှိပါသည်။ ဤသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်နေပြီဖြစ်သကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း လျှပ်စစ်ကြောင့် ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်လျော့ပါးရေး ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပေကြောင်း။

ပြည်တွင်းသတင်း

ကမ္ဘာ့ဘဏ်အုပ်စုတို့၏ နှစ်ပတ်လည်စည်းဝေးပွဲသို့ မြန်မာအဖွဲ့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၉

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏ ၂၀၁၄ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၁၀ ရက်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် ဂါဗနာများ အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် ပါပူပါနယူးဂီနီနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E. Mr.Pruaitch က ဆောင်ရွက်ပြီး အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အကြီးအကဲ Madam Christine Largardeနှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Mr.Jim Yong Kim တို့က နှစ်ပတ်လည် မိန့်ခွန်းများ ပြောကြားကြသည်။ အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၈ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၄၀၀၀ ခန့် တက်ရောက်ကြသည်။

မြန်မာအဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ကမ္ဘာ့စီးပွား ရေး အခြေအနေအပေါ် သုံးသပ်ချက်၊ ကမ္ဘာ့စီးပွားရေး တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ အခန်းကဏ္ဍအပေါ် သုံးသပ်ချက်၊ ကမ္ဘာ့ဘဏ်အုပ်စု၏ **"ဆင်းရဲမှုလျော့ချရေးနှင့် အကျိုးစီးပွားမျှဝေခံစားရေး ရည်မှန်းချက်များ"** အပေါ် မြန်မာနိုင်ငံ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍဖြစ်ပေါ် တိုးတက်မှုများကို ဖော်ပြခဲ့သည်။

အောက်တိုဘာ ၈ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ အမှုဆောင်အကြံပေး ပုဂ္ဂိုလ် Mr. Keiichiro Nakazawa နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ဂျပန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံသို့ပေးအပ်မည့် ဖွံ့ဖြိုးရေး ချေးငွေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

အောက်တိုဘာ ၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့်ကမ္ဘာ့ဘဏ်တို့ပူးတွဲ ကျင်းပသော အရှေ့တောင်အာရှနိုင်ငံများ မဲပေးအုပ်စု ဂါဗနာများ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင် အာဆီယံအပေါင်း ၃ နိုင်ငံများအကြား မက်ခရိစီးပွားရေး သုတေသနရုံးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး သဘောတူစာချုပ်တွင်ပါဝင် လက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံ ငွေအဖွဲ့ဌာနချုပ်၌ ကျင်းပသည့် ဂျီ ၂၀ နိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ အာဆီယံနိုင်ငံများကိုယ်စား ပါဝင်တက်ရောက်ခဲ့သည်။ ညနေ ၃ နာရီတွင် အမေရိကန်ပြည်ထောင်စု Trade Representative Ambassador Mr. Michael B.Fro- man အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမေရိကန်ပြည်ထောင်စု အလုပ်သမားရေး ဝန်ကြီးဌာနတွဲဖက် ဒုတိယဝန်ကြီး Eric R.Biel တို့၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများအတွက် အလုပ်သမားအခွင့်အရေးနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ယင်နေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ Madam Christine Largarde နှင့် အာဆီယံဘဏ္ဍာရေးဝန်ကြီးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အတူ တက်ရောက်ခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၁ရက်တွင် ကမ္ဘာ့ဘဏ်ဌာနချုပ်၌ ကမ္ဘာ့ဘဏ်အုပ်စုအရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr.Axel Van Trotsenburg ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီးကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံသို့ ပေးအပ်လျက်ရှိသည့် အကူအညီလုပ်ငန်းများအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံပညာရေးကဏ္ဍအတွက် ကမ္ဘာ့ဘဏ်မှ ပေးအပ်သောချေးငွေ အမေရိကန် ဒေါ်လာသန်း ၈၀ နှင့်ညြစတြေးလျှိုနိုင်ငံအစိုးရမှပေးအပ်သော ထောက်ပံ့ငွေအမေရိကန်ဒေါ်လာ ၁၇ သန်းတို့အတွက်ချေပ်ဆိုသည့်စာချုပ် လက်မှတ်ရေးထိုးပွဲကိုကျင်းပခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁၂ ရက်တွင်အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီး Secretary Jacob J.lew နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန စီးပွားရေးလုပ်ငန်းများဆိုင်ရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Charles Rivkin နှင့် ဝါရှင်တန်မြို့ မြန်မာသံရုံး၌ လက်ခံ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်လုံးကျွတ်သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်က ကျင်းပရာ သံဃာတော်နှင့်သီလရှင်များအား စေတနာရှင်များက လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ ငွေအိုး(ကသာ)

ပြည်တွင်းသတင်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီနိုင်ငံ တူရင်မြို့ Circolo Union Industriate ကွန်ဗင်းရှင်း စင်တာ၌ အီတလီနိုင်ငံ၏ ထိပ်သီး စီးပွားရေး လုပ်ငန်းများ လေ့လာစဉ်။

(သတင်းစဉ်)

*** ကျောဖုံးမှ**

ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံတွင် စျေးကွက်ယန္တရားခိုင်မာအားကောင်းခြင်းမရှိသေးသော်လည်း လိုအပ်သည့်အင်စတီကျူးရှင်းများ ထူထောင်ခဲ့ပြီးဖြစ်ပါကြောင်း၊ စီးပွားရေးစနစ်အခြေခံများ ပြောင်းလဲသွားပြီဖြစ်ပါကြောင်း၊ နှစ်ပေါင်းများစွာပျောက်ဆုံးနေခဲ့သည့် စျေးကွက်နှင့် ပုဂ္ဂလိကအခန်းကဏ္ဍလည်း ပြန်လည်နိုးထလာပြီဖြစ်ပါကြောင်း။

စျေးကွက်စီးပွားရေးကိုသွားနိုင်ရန် မက်ခရိုစီးပွားရေးတည်ငြိမ်မှုကို အခက်အခဲဖြစ်စေသည့် ကြွေးမြီဟောင်းများ၊ ပိတ်ဆို့မှုအဟန့်အတားများကို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့ဖြင့် မြီရှင်နိုင်ငံများ ကလက်ခံနိုင်သည့် လူမှုစီးပွားပြုပြင်ပြောင်းလဲရေးမူဘောင် (Framework of Economic Social Reform-FESR) ကိုရေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလက နေပြည်တော်တွင် ကျင်းပခဲ့သည့် မြန်မာ့ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၌ တင်ပြခဲ့ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံခြားအစိုးရအများစုက ထောက်ခံအားပေးခဲ့ကြပါကြောင်း။

ဥရောပသမဂ္ဂအနေဖြင့် ပိတ်ဆို့အရေးယူမှုများအားလုံးနီးပါး ဖယ်ရှားပေးခဲ့ပြီး အမေရိကန်ပြည်ထောင်စုကလည်း ပိတ်ဆို့အရေးယူမှုများကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားနိုင်ခဲ့ခြင်း၏ အကျိုးဆက်အားဖြင့် ကုန်သွယ်မှုအထူးအခွင့်အရေး (Generalized System Preferences-GSP) များ ပြန်လည်ရရှိလာခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာပါကြောင်း၊ ခရီးသွားဧည့်သည်အရေအတွက် စံချိန်တင်မြင့်မားလာခဲ့ကာ ၂၀၁၃ ခုနှစ်တွင် နှစ်သန်းအထိ ရောက်ရှိလာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားလာရေးဆိုင်ရာအဖွဲ့အစည်းများ၏ အသွားသင့်ဆုံး ကမ္ဘာ့နေရာများထဲမှ ထိပ်ဆုံးအဆင့်တွင် သုံးနှစ်ဆက်တိုက် ပါရှိခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ခရီးသွားသုံးသန်းကျော်နှင့် ၂၀၁၅ ခုနှစ်တွင် ငါးသန်းအထိ ဝင်လာမည်ဟု မျှော်မှန်းထားပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရန်အတွက် အခွင့်အလမ်းနှင့် ဆွဲဆောင်မှုရှိစေမည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ကာကွယ်စောင့်ရှောက်နိုင်မည့် နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့် ညီညွတ်အောင်လည်း အဆင့်ဆင့် ဆောင်ရွက်ထားပါကြောင်း။

မြန်မာနိုင်ငံတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုအချိုးအစား ပြောင်းလဲလာခဲ့ပြီဖြစ်ပါကြောင်း၊ သယံဇာတထုတ်ယူရေးနယ်ပယ်၌ပင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ခဲ့သည့် အနေအထားမှ ဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများတွင်ပါ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာပြီဖြစ်ပါကြောင်း။

ဘဏ္ဍာလုပ်ငန်းများ၊ အခွန်အကောက်စနစ်များ၊ အနိမ့်ဆုံးလုပ်ခသတ်မှတ်မည့်အခြေအနေများ၊ အခြေခံအဆောက်အအုံများ အစရှိသောယုံကြည်စိတ်ချရသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ဖြစ်ရန် လုပ်ဆောင်ပေးလျက်ရှိပါကြောင်း။

မိမိတို့၏သုံးနှစ်ခွဲခရီးတွင် မမျှော်လင့်သည့်စိန်ခေါ်မှုများ၊ အခက်အခဲများ၊ အကျပ်အတည်းများကို ရင်ဆိုင်ခဲ့ရသည်မှာ မှန်ပါကြောင်း၊ သို့သော် မိမိတို့လမ်းကြောင်းပေါ်မှ ချော်ထွက်မသွားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့သို့ ဆက်လျှောက်မည်ဟူသည့် သန္ဓိဋ္ဌာန်စိတ်ဖြင့် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်းကို အခိုင်အမာပြောကြားလိုပါကြောင်း။

ထို့ကြောင့် အီတလီလုပ်ငန်းရှင်ကြီးများအနေဖြင့် မြန်မာနိုင်ငံတွင် ယုံယုံကြည်ကြည်ဖြင့် လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် ဖိတ်ခေါ်လိုက်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် အောင်မြင်အောင် ကူညီပေးခြင်းပင်ဖြစ်၊ ထို့ကြောင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလို

ဆက်လက်၍ အီတလီစီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Vincenzo Ilotte က မြန်မာ-အီတလီစီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း၊ UNIDO မှ Mr. Michele Boario Gerardo Patacconi က အီတလီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ ရမည့် လုပ်ငန်းနယ်ပယ်များနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် နည်းလမ်းများကိုလည်းကောင်း၊ IERN ကုမ္ပဏီမှ ဥက္ကဋ္ဌ Mr.Francesco Profumo က မြန်မာနိုင်ငံတွင် ပါဝင်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်မည့်အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုသည် အဓိကအခန်းကဏ္ဍ၌ ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုသည် အာရပ်ဆွေဦးနှင့်တစ်ချိန်တည်းနီးပါး စတင်ခဲ့သော်လည်း အာရပ်ဆွေဦးကဲ့သို့ သွေးထွက်သံယိုမှုများ၊ မင်းမဲ့အခြေအနေများ ဖြစ်ပေါ်ခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ထူးခြားသောအခြေအနေဖြစ်ပါကြောင်း။

စိန်ခေါ်မှုအချို့ရှိသော်လည်း နိုင်ငံတကာမိတ်ဆွေများ၏အကူအညီဖြင့် အောင်မြင်စွာကျော်လွှားနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ စီးပွားရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများရှိသကဲ့သို့ အတူလက်တွဲ ဖြေရှင်းရမည့် စိန်ခေါ်မှုများလည်းရှိပါကြောင်း၊ ယခုဆွေးနွေးချက်များကို လက်တွေ့ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ လာမည့်နှစ်တွင် တူရင်မြို့တော်ဝန် ဦးဆောင်သည့် အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ချိန်တွင် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးခြင်းသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် အောင်မြင်အောင် ကူညီပေးခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား အီတလီစီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

"နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့" အား ဖွဲ့စည်းဆောင်ရွက်နိုင်ရေး သဘောတူ

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ရှမ်းပြည်တပ်မတော် SSPP/SSA မှ အထွေထွေအတွင်းရေးမှူး ဦးစဝ်ခွန်ဆိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် အောက်တိုဘာ ၁၈ ရက်မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးခင်မောင်စိုး၊ ဦဝင်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်ဖက်အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး၊ နှစ်ဖက်ဆက်ဆံရေး ပိုမိုအားကောင်းလာစေရန် ဆက်ဆံရေးရုံးများ၏အခန်းကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး၊ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များအား နှစ်ဖက်တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားလိုအပ်သည်များပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးတို့ကို အပြုသဘောဆောင်ပြီး နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(ယာယုံ)**

ထိုနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် "နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်း ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့" အား နှစ်ဖက်သဘောတူညီသည့်နေရာတွင် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အမေရိကန်ပြည်သူ ၄၈ သန်း ဆင်းရဲမှုနှင့်ကြုံတွေ့

ဝါရှင်တန် အောက်တိုဘာ ၁၉

အမေရိကန်နိုင်ငံ၌ ဆင်းရဲနွမ်းပါးသူ ၄၈ သန်း ရှိရာတွင် ကလေး ၁၆ ရာခိုင်နှုန်း ပါဝင်နေကြောင်း အမေရိကန် သန်းခေါင်စာရင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ ပြည်နယ်အချို့၌ ဆင်းရဲသူများ သိသိသာသာတိုးလာသည့်အတွက် အဆိုပါစာရင်းဇယားတွင် ဆင်းရဲသူများ အသစ်ထပ်မံတိုးလာသည်ဟု ဆိုသည်။

"ဒီအရေအတွက်က အမေရိကန်နိုင်ငံမှာတော့ ဆိုးရွားတဲ့ရလဒ်တစ်ခုပါ။ ဝါရှင်တန်တက္ကသိုလ်က သုတေသနပြုလေ့လာခဲ့တဲ့အထဲမှာတော့ ဆိုးရွားတဲ့အနေအထားပါပဲ"ဟု သန်းခေါင်စာရင်းတာဝန်ရှိသူ ရောဘတ်ဒိုရာက ပြောသည်။

အမေရိကန်နိုင်ငံ၌ ဆင်းရဲနွမ်းပါးသူအများစုကို မြို့ကြီးများ၌တွေ့ရကြောင်း၊ မြို့ကြီးများ၌ နေထိုင်သူများသည် တည်းခိုနေထိုင်စရိတ်၊ စားစရိတ်နှင့် ခရီးသွားလာစရိတ်တို့အတွက် တစ်နှစ်အမေရိကန်ဒေါ်လာ ၃၀၀၀၀ ဝင်ငွေရှိမှသာဖြစ်နိုင်ကြောင်းဖြင့်လည်း ၄၄ အစီရင်ခံစာ၌ ဖော်ပြသည်။

ကယ်လီဖိုးနီးယားတွင် ယမန်နှစ်က ဆင်းရဲမှုနှုန်း ၁၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၂၃ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးလာသည်ဟု ဆိုသည်။ လူပေါင်း ၁၁ သန်းခန့်သည်ဆေးဖိုးကုန်ကျစရိတ်များကြောင့် ဆင်းရဲသားအဖြစ်သို့ ရောက်ရှိခဲ့ရကြောင်း သန်းခေါင်စာရင်းထုတ်ပြန်ချက်အရ သိရသည်။ အမေရိကန်အစိုးရအနေဖြင့် ယင်းတို့အား အလုပ်ပိုလုပ်စေခဲ့ပြီး လုပ်ခတိုးပေးရန် အစီအမံများ ချမှတ်ဆောင်ရွက် လျက်ရှိသည်။

(ပရက်စ်တီဗွီ)

ဆော်ဒီအာရေဗျ နယ်စပ်တစ်လျှောက် ယီမင်စစ်သွေးကြွများထိန်းချုပ်

ယီမင် အောက်တိုဘာ ၁၉

ရှီးယိုက်ဟိုးသိစ် အနာဆရူလာလှုပ်ရှားမှုအဖွဲ့ (Shia Houthis Ansarulla Movement)မှ တိုက်ခိုက်ရေးသမားများသည် ဆော်ဒီအာရေဗျနယ်စပ် ယီမင်မြောက်ပိုင်းနယ်စပ်တစ်လျှောက် မဟာဗျူဟာကျရာနေရာများကို ထိန်းချုပ်ထားသည်။

ဟိုးဒိစ်တို့က ဟိုက်ဂျက်ပြည်နယ်ရှိ တော်ဝေါနယ်စပ်ဖြတ်ကျော်ဂိတ်ကို စနေနေ့က ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း၊ ယင်းတို့သည် အလားတူ ဝါဟာပြည်နယ်ကိုလည်း ထိန်းချုပ်ထားကြောင်း ပရက်စ်တီဗွီသတင်း၌ ဖော်ပြသည်။

တော်ဝေါနယ်စပ်ဂိတ်သည် ယီမင်နှင့် ဆော်ဒီအာရေဗျနိုင်ငံအကြားမော်တော်ယာဉ်များ အများဆုံးသွားလာရာဒေသဖြစ်သည်။ အနာဆရူလာတိုက်ခိုက်ရေးသမားများက ဆာနား၊ ဒမ်မာ၊ ဟွတ်ဒေကာမြို့ကြီးများကိုလည်း ထိန်းချုပ်ထားသည်။

သောကြာနေ့က ဟိုးဒိစ်တိုက်ခိုက်ရေးသမားများသည် အယ်လ်ဗေဒါပြည်နယ်ရှိ မဟာဗျူဟာကျရာရက်ဒါမြို့ကို ထိန်းချုပ်ထားသည်။ အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော အဆိုပါစစ်သွေးကြွများသည် အဆိုပါမြို့ကို လွန်ခဲ့သည့် နှစ်နှစ်နီးပါးက သိမ်းပိုက်ထားခဲ့သည်။

စက်တင်ဘာလအတွင်း အနာဆရူလာ တိုက်ခိုက်ရေးသမားများသည် ဗိုလ်ချုပ်အလီမိုရှန်အယ်လ်အာမာ၏ သစ္စာခံတပ်များနှင့် လေးရက်ကြာတိုက်ပွဲဖြစ်ပြီးနောက် မြို့တော်ကို ထိမ်ချန်ထားသည်။

(ပရက်စ်တီဗွီ)

ဘာရိန်း၏ အမိကနိုင်ငံရေးအင်အားကြီးအပွဲ့ နိုဝင်ဘာရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်

မနာမာ အောက်တိုဘာ ၁၉

လာမည့်လ ပါလီမန်နှင့်မြို့နီစီပယ်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခြင်းမပြုရန် ဘာရိန်း၏အင်အားကြီးသော အတိုက်အခံအဖွဲ့ အယ်လ်ဝီဖက်အမျိုးသားအစ္စလာမ်အဖွဲ့က ၎င်း၏အဖွဲ့ဝင်များနှင့် ထောက်ခံသူများကို တနင်္ဂနွေနေ့က သတိပေးပြောကြားခဲ့သည်။ အကယ်၍ ဝင်ရောက်အရွေးခံပါက အဖွဲ့ဝင်အဖြစ်မှ ဖျက်သိမ်းမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

အဖွဲ့၏ ရပ်တည်ချက်နှင့်သဘောထားများကို ဆန့်ကျင်သော မည်သည့်အဖွဲ့ဝင်မဆို အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်မည်ဟု အဆိုပါအဖွဲ့၏ အဆင့်မြင့်ခေါင်းဆောင်တစ်ဦးက ၎င်း၏ကြေညာချက်တွင် ဖော်ပြခဲ့သည်။ အမျိုးသမီးများ ပါဝင်သော ရာပေါင်းများစွာသော ကိုယ်စားလှယ်လောင်းများသည် ပါလီမန်နှင့် မြို့နီစီပယ်တို့တွင် နေရာရရှိရန် ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၎င်းရွေးကောက်ပွဲကို နိုဝင်ဘာ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

(ဘီဘီစီ)

တိဗက်၌ မြေပြိုမှုများဖြစ်၍ လူ ၂၀၀ ကျော် ပိတ်မိနေ

လာဆာ အောက်တိုဘာ ၁၉

တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အဝေးပြေးလမ်းမကြီးပေါ်၌ မြေပြိုမှုများကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ ယာဉ် ၇၀ ခန့်နှင့် လူ ၂၀၀ ကျော် ပိတ်မိနေခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

တိဗက်အရှေ့ပိုင်း မြေပြိုမှုဖြစ်ပွားသည့်နေရာရှိ ပိတ်မိနေသော ယာဉ်မောင်းများနှင့် ခရီးသည်များ လွတ်မြောက်ရေးအတွက် ကယ်ဆယ်ရေးအဖွဲ့ဝင်များက အရှိန်အဟုန်ပြင်းစွာ လုပ်ဆောင်နေကြကြောင်း ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် လီက ပြောခဲ့သည်။ ထို့အပြင် ၎င်းတို့အတွက် အစားအစာနှင့်ဆေးဝါးများကိုလည်း ထောက်ပံ့ပေးခဲ့သည်။

ယင်းလမ်းမကြီး၏ မီတာ ၁၀၀ ကျော် အစိတ်အပိုင်း၌ ရွှံ့များ၊ ကျောက်တုံး၊ ကျောက်ခဲများ စုပုံနေခဲ့ရာ အချို့နေရာများတွင် ရှစ်မီတာခန့် ထူထပ်လျက်ရှိရာ အဆိုပါနေရာရှင်းလင်းရာတွင် ရက်များစွာကြာနိုင်ကြောင်း ၎င်းက ဆိုခဲ့သည်။

(ဆင်ဟွာ)

လစ်ဗျာ၌ အပစ်အခတ်ရပ်စဲရေး အနောက်အင်အားကြီးနိုင်ငံများက တိုက်တွန်း

ထရီပိုလီ အောက်တိုဘာ ၁၉

အမေရိကန်နှင့် ဥရောပမဟာမိတ်လေးနိုင်ငံတို့သည် လစ်ဗျာ၌ ဖြစ်ပွားနေသော တိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။ ယင်း၌ ပဋိပက္ခကို စစ်ရေးဖြင့်မဖြေရှင်းသင့်ဟု ၎င်းတို့က ပြောဆိုခဲ့ကြောင်း အစည်းအဝေးထုတ်ပြန်ချက်တွင် တွေ့ရသည်။

လစ်ဗျားအရှေ့ပိုင်း ဘင်ဂါဇီမြို့၌ အစ္စလာမ္မစ်စစ်သွေးကြွများနှင့် အစိုးရတပ်ဖွဲ့ဝင်များကြား တိုက်ခိုက်မှုများကြောင့် ဒါဇင်ပေါင်းများစွာသေဆုံးခဲ့ပြီဖြစ်သည်။

၂၀၁၁ ခုနှစ်က ဗိုလ်မှူးကြီး ကဒါဖီဖြုတ်ချခံရပြီးကတည်းက လစ်ဗျားနိုင်ငံသည် တည်ငြိမ်အေးချမ်းမှုကင်းမဲ့နေခဲ့သည်။ လစ်ဗျားနိုင်ငံသည် လစ်ဗျားနှင့် နိုင်ငံတကာစစ်သွေးကြွအုပ်စုများ၏ လုံခြုံစိတ်ချရသော ခိုနားရာနေရာဖြစ်နေခဲ့ရာ နိုင်ငံ၏ခက်ခက်ခဲခဲရယူထားသော လွတ်လပ်မှုသည် ဘေးအန္တရာယ်ဖြစ်နေခဲ့သည်ဟု ဆိုသည်။

(ဘီဘီစီ)

အမေရိကန်ဦးဆောင်သော မဟာမိတ်ဂျက်လေယာဉ်များ အိုင်အက်စ်များကိုနှိမ်နင်းရန် ကိုဘာနီမြို့ကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်

ကိုဘာနီ အောက်တိုဘာ ၁၉

အိုင်ဆက်စ်စစ်သွေးကြွများက ရက်အတော်ကြာ အမြောက်များဖြင့် ပစ်ခတ်သောကြောင့် ကိုဘာနီမြို့လယ်၌ တုန်ဟည်းသွားသည်။ ထို့ပြင် ၎င်းတို့သည် တူရကီနိုင်ငံနယ်စပ်ဒေသများကိုလည်း တိုက်ခိုက်ခဲ့ကြသည်။ ဤကိစ္စများဖြစ်ပွားပြီးနောက် အမေရိကန်ဦးဆောင်သော မဟာမိတ်ဂျက်လေယာဉ်များသည် စနေနေ့က အိုင်အက်စ်စစ်သွေးကြွများ ဝိုင်းရံထားသော ကိုဘာနီမြို့ကို အနည်းဆုံးခြောက်ကြိမ် ပုံးမိုးရွာချခဲ့ကြသည်။

ကိုဘာနီမြို့လယ်ကိုတိုက်ခိုက်ပြီးနောက် အမြောက်များဖြင့် ဆက်လက်တိုက်ခိုက်ခဲ့သည့်အပြင် နယ်စပ်ဂိတ်နှင့်နီးကပ်သော တူရကီနိုင်ငံသို့ ကျည်မှားကျရောက်ခဲ့ကြောင်း မျက်မြင်သက်သေများ၏ ပြောစကားအရ သိရသည်။

မဟာမိတ်တပ်များသည် သြဂုတ်လကတည်းက အီရတ်နိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို ပုံးများ အဆက်မပြတ်ကြဲချခဲ့သည်။ နေတိုးအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော တူရကီသည် မဟာမိတ်အဖွဲ့ဝင်နိုင်ငံများ၏ အတိုင်းအတာတစ်ခုအထိ မျက်ကွယ်ပြုခြင်းကို ခံနေရသည် ၂၀၁၁ ခုနှစ် မတ်လကတည်းက ဖြစ်ပွားခဲ့သော အရပ်သား ၂၀၀၀၀ သေဆုံးခဲ့သည့် ပြည်တွင်းစစ်ကို အဆုံးသတ်ရန်နှင့် အာဆတ်ကို ထိပ်တိုက်ရင်ဆိုင်ရန် ဖိအားပေးခြင်းခံနေရသည်။

စနေနေ့က အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းရန် လေကြောင်းတိုက်ခိုက်မှုနှစ်ခု ဆင့်ကဲပြုလုပ်ခဲ့ရာ အရပ်သား ၁၀ ဦး သေဆုံးခဲ့ကြောင်း ဗြိတိန်အခြေစိုက်ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောခဲ့သည်။

သို့သော် အမေရိကန်စစ်ဌာနချုပ်က အစီရင်ခံစာကို ထောက်ခံရန် မည်သည့်သက်သေအထောက်အထားမျှမရှိဟုပြောခဲ့သည်။ ၎င်း၏တပ်ဖွဲ့များသည် အရပ်သားသေဆုံးမှုကို လျော့နည်းစေရန်အလို့ငှာ အင်အားအနည်းငယ်သာသုံးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

(ရိုက်တာ)

ပြည်တွင်းသတင်းနှင့်ကြေငြာ

အရှိန်မထိန်းနိုင်ဘဲ ရှေ့ယာဉ်ကိုဝင်တိုက် တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ရန်ကုန် အောက်တိုဘာ ၁၉

သန်လျင် မြို့နယ်အတွင်း အောက်တိုဘာ ၁၆ ရက် ည ၈ နာရီ မိနစ် ၅၀ က ကျိုက်ခေါက်ဘုရားလမ်းအတိုင်း သန်လျင်ဘက်မှ ကျိုက်ခေါက်ဘုရားဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော I---- ဘီအမ်အဌားယာဉ်သည် ရွှေယူနန် စားသောက်ဆိုင်အလွန်အရောက် အရှိန်မထိန်းနိုင်ဘဲ ၄င်း၏ရှေ့မှ သာကေတ မြို့နယ်နေ ယာဉ်မောင်း ကိုကျော်ဆန်းလင်း မောင်းနှင်လာသော 8C---- လိုက်ထရပ်ကိုယိုင်ယာဉ်ကို နောက်မှ ဝင်ရောက်တိုက်မိခဲ့ပြီး အခင်းဖြစ်နေရာ၌ ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးပျက်စီးသွားခဲ့ကာ 8C---- လိုက်ထရပ်ယာဉ်ပေါ် ပါသူများဖြစ်သည့် သန်လျင်မြို့နယ်နေ ကိုကျော်သူရ(၃၃နှစ်)တွင် ဒဏ်ရာများရရှိခဲ့သဖြင့် သန်လျင်ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ပြီး ကိုမင်းမင်းပါ ငါးဦးတွင် ဒဏ်ရာများရရှိကာ သန်လျင်ဆေးရုံ၌ အတွင်း/အပြင်လူနာများအဖြစ် တင်ပို့ကုသခဲ့ရသောကြောင့် ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း(စုံစမ်းဆဲ)ကို သန်လျင်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်လှမောင်**

ခိုးမှုမှု ထွက်ပြေးတိမ်းရှောင်နေသူတစ်ဦးကို ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တိုင်းအကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူများကို ဖမ်းဆီးရမိရေးအတွက် မရမ်းကုန်းမြို့နယ်အတွင်း အောက်တိုဘာ ၁၁ ရက် ညနေ ၅ နာရီက စောင့်ကြည့်သတင်းစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဗဟိုလမ်းပေါ်တွင် ငတေ(ခ)ဇေယျာလင်း(၂၃ နှစ်) မရမ်းကုန်းမြို့နယ်နေသူကို အရိုးအသွား ခုနစ်လက်မ ခွဲခန့်ရှိ ဓားတစ်ချောင်းနှင့်အတူ တွေ့ရှိသဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ငတေ(ခ)ဇေယျာလင်းကို စစ်ဆေးခဲ့ရာ ၄င်းသည် ၂၀၁၂ ခုနှစ်အတွင်းက လှိုင်မြို့နယ်အတွင်း၌ အခြားသူနှစ်ဦးနှင့်အတူ မီးစက်တစ်လုံးကို ခိုးယူမှုကျူးလွန်ခဲ့ပြီး ၄င်းမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် လှိုင်မြို့မရဲစခန်းက တရားစွဲဆိုခံထားရသူဖြစ်ကြောင်းနှင့် ၄င်းထံမှ ဓားတစ်ချောင်း တွေ့ရှိသိမ်းဆည်းရမိမှုအတွက် ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူကာ ယခင် လှိုင်မြို့မရဲစခန်းမှ အမှုဖြင့်လည်း ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်လှမောင်**

စ,ဉ်အိုးတန်းဆိပ်ကမ်း၌ မော်တော်ယာဉ်ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်

ရန်ကုန် အောက်တိုဘာ ၁၉

ဆိပ်ကမ်းမြို့နယ်တွင် အောက်တိုဘာ ၁၈ ရက် ညဝိုင်းက မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် ည ၇ နာရီက ကျောက်တံတားမြို့နယ်နေ ကိုအောင်မြင့်ရှင်းသန့် မောင်းနှင်လာသော Porte အမျိုးအစားယာဉ်သည် ဆိပ်ကမ်းမြို့နယ် စ,ဉ်အိုးတန်း ဆိပ်ကမ်း၀င်/ထွက်ပေါက် ကွန်ကရစ်လမ်းမပေါ် အရောက် ဝိုင်ယာရှော့ခ်ဖြစ်ပြီး ယာဉ်တစ်စီးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးသတ်ယာဉ်များ ရောက်ရှိ ငြိမ်းသတ်ခဲ့သဖြင့် ည ၇ နာရီ ၇ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

တင်လှမောင်

စိတ်ဝေဒနာရှင်က သုံးလောင်းပြိုင်လူသတ်

ဖြူး အောက်တိုဘာ ၁၉

စိတ်ဝေဒနာရှင်က စိတ်ဖောက်ပြန်ကာ ဆရာတော်တစ်ပါးနှင့် အမျိုးသမီးနှစ်ဦးကို ဓားဖြင့်ခုတ်သတ်ခဲ့သော လူသတ်မှုတစ်ခု အောက်တိုဘာ ၁၈ ရက် ညနေ ၅ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အုတ်ဖြတ်ကျေးရွာအုပ်စု အိုးဘိုကုန်း ကျေးရွာတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိုးဘိုကုန်းကျေးရွာနေ ဒေါ်သန်းနွဲ့(၆၇ နှစ်)၊ သမီးဖြစ်သူ မနီနီဝင်း(၂၃ နှစ်)နှင့်အတူ နေအိမ်တွင်ရှိနေစဉ် လွန်ခဲ့သော ငါးနှစ်ခန့်က ဦးခေါင်းခွဲစိတ်ထားရပြီး စိတ်ဝေဒနာရှင်ဖြစ်သူ ငမျိုး(ခ)မျိုးသိမ်း (၃၃နှစ်)က ရုတ်တရက်စိတ်ဖောက်ပြန်ပြီး အရှည်လေးပေခန့်ရှိ ဓားဖြင့် ဒေါ်သန်းနွဲ့နှင့် မနီနီဝင်းတို့ကို ခုတ်ခဲ့ရာ ဒဏ်ရာများရရှိပြီး နေရာ၌ပင် သေဆုံးခဲ့သည်။ ငမျိုး(ခ)မျိုးသိမ်းမှာ ဓားကိုကိုင်ပြီး ရွာလမ်းအတိုင်း ထွက်ပြေးသွားကာ မြရောင်ခြည်ကျောင်း မုခ်ဦးတန်းလျားတွင် ထိုင်နေသည့် ဆရာတော် ဦးပညာသာမိ (၅၅ နှစ်)ကို ဓားဖြင့်ခုတ်ခဲ့ရာ ဆရာတော်တွင် ဒဏ်ရာများရရှိပြီး ပျံလွန်တော်မူသွားခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ဗန်းမောက်မြို့နယ်တွင် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

ကသာ အောက်တိုဘာ ၁၉

ကသာခရိုင် ဗန်းမောက်မြို့နယ် ပေကုန်းကျေးရွာနေ ထွေးအောင်၏ နေအိမ်မှ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။

ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကျော်ဇင်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ အောက်တိုဘာ ၁၈ ရက် ည ၇ နာရီခွဲခဲ့ကာ သက်သေများနှင့်အတူ ဗန်းမောက်မြို့နယ် ပေကုန်းရွာနေ ထွေးအောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အောက်ထပ် ခေါင်းရင်းခန်းအတွင်းနှင့်ဆွဲပိုတို့နှစ်ဦးမှာ ခုနှ,ချထွက်ပြေးသွားခဲ့ကြပြီး နေအိမ်ပေါ်တွင် ထွေးအောင်၏ ဇနီးကို အသင့်တွေ့ရှိရ၍ ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အောက်ထပ် ခေါင်းရင်းခန်းအတွင်း ကြမ်းပြင်ပေါ်မှ ဘိန်းဖြူဟုယူဆရသော အဖြူအဝါစပ်ကျားအမှုန့် ၀ ဒသမ ၄ ဂရမ်ပါ ပင်နီဆီလင်ပုလင်းတစ်လုံး ကာလတန်ဖိုး ငွေကျပ် ၄၀၀၀၀၊ စက္ကူပိုင်းဖြင့် ထုပ်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် (အလေးချိန်မဲ့) ကပ်ပေနေသည့် အထုပ် နှစ်ထုပ်၊ ဘိန်းဖြူမှုန့်များ ကပ်ပေနေသည်ဟုယူဆရသော အနီရောင် ဂက်စ်မီးခြစ်အပိုင်း တစ်ခု၊ ဘိန်းဖြူသုံးစွဲရာတွင် အသုံးပြုသည့် ငွေရောင်စက္ကူပိုင်း သုံးခုကိုတွေ့ရှိရသဖြင့် စစ်မေးခဲ့ရာ အဆိုပါ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများမှာ ထွက်ပြေးတိမ်းရှောင်သွားသူ ထွေးအောင်နှင့် ဆွဲပိုတို့၏ ပစ္စည်းများ ဖြစ်ကြောင်း သိရှိရသည်။

ရဲအုပ်ကျော်ဇင်ထွန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မငြိမ်းမေ (၃၅ နှစ်)၊ ထွက်ပြေးတိမ်းရှောင်သွားကြသည့် ထွေးအောင်(၄၅ နှစ်)နှင့် တစ်ရွာတည်းနေ ဆွဲပို(၃၄ နှစ်)တို့ကို အမှုဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

လယ်တဲအတွင်းရောက်ရှိနေသူများထံမှ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ကသာ အောက်တိုဘာ ၁၉

ကသာခရိုင် အင်းတော်မြို့နယ် ပင့်သာကျေးရွာအနီး လူမနေသည့် လယ်တဲအတွင်း မူးယစ်ဆေးဝါးများနှင့်အတူ သုံးစွဲရန် ရောက်ရှိနေသူများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက အင်းတော်မြို့နယ် မော်လူးနယ်မြေရဲစခန်းမှူး ရဲအုပ်အေးမင်းသိန်းနှင့် တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ပင့်သာကျေးရွာအနီး လူမနေသည့် လယ်တဲအား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ တဲအတွင်း သိန်းလွင်၊ သန်းဇော်၊ ဝေမင်း၊ ဝင်းထွန်းတို့လေးဦးကိုတွေ့ရှိရပြီး သိန်းလွင်၏ လက်ထဲမှ Love is flower စာတန်းပါ အပြာရောင်ဆပ်ပြာခွက်အတွင်း ပလတ်စတစ်ဖြင့် ထုပ်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၄ ဒသမ ၀၈ ဂရမ်ပါ တစ်ထုပ်၊ အစိမ်းရောင်ကွမ်းယာဘူးအတွင်း ပလတ်စတစ်ဖြင့် ထုပ်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၀ ဒသမ ၃၈၁ ဂရမ်ပါ တစ်ဘူး၊ တဲအနီးရပ်ထားသော ဆိုင်ကယ်၏ တူးဘောက်စ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၁ ဒသမ ၅၂၈ ဂရမ်ခန့်ပါ အပြာရောင် ကော်ဘူးတစ်ဘူး ကာလတန်ဖိုး ငွေကျပ် ၅၉၈၉၀၀ တို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သိန်းလွင်၏ အစစ်ခံချက်အရ ဘိန်းဖြူများကို အင်းတော်မြို့နယ် ကွင်းချောင်းကျေးရွာနေ ဖိုးဇော်ထံမှ ဘိန်းဖြူဆပ်ပြာခွက် တစ်ခွက်လျှင် ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် သုံးစွဲရန်နှင့် ရောင်းချရန်ဝယ်ယူခဲ့သော မူးယစ်ဆေးဝါးများဖြစ်ကြောင်း သိရသည်။ ဘိန်းဖြူများနှင့်အတူ တွေ့ရှိသူ သိန်းလွင် (၁၉ နှစ်)၊ သန်းဇော်(၂၉ နှစ်)၊ ဝေမင်း (၂၅ နှစ်)၊ ဝင်းထွန်း (၂၇ နှစ်)တို့လေးဦးကို အရေး ယူဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ဖိုးဇော်ကို ဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

မူဆယ်နှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၇ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ ဟိုနားရပ်ကွက်နေ မနန်ဆန်၏ နေအိမ်ကို ရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၀ သိမ်းဆည်းရမိသဖြင့် မနန်ဆန်(၄၅ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အောက်တိုဘာ ၁၇ ရက်က မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် နောင်တုံကန်ပတ်လမ်းနေ စိုင်းယီတစ်(ခ)စိုင်းကျောက်၏ နေအိမ်ကို ရှာဖွေရာ ၄င်းနှင့်အတူ ဘုန်းမြတ်သာ(ခ)မောင်ဘုန်းနှင့် စိုင်းလောင်မိန်း(ခ)ပီလောင်တို့ကို တွေ့ရှိရပြီး နေအိမ်အောက်ထပ် စားပွဲပေါ်နှင့် ၄င်းတို့အိပ်ရာခေါင်းအုံးဘေးမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀ သိမ်းဆည်းရမိသဖြင့် စိုင်းယီတစ်(ခ) စိုင်းကျောက်(၄၉ နှစ်)၊ ဘုန်းမြတ်သာ(ခ)မောင်ဘုန်း(၅၀ နှစ်)နှင့် စိုင်းလောင်မိန်း(ခ)ပီလောင်(၄၀ နှစ်) တို့သုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုင်းယီတစ်(ခ)စိုင်းကျောက်၊ ဘုန်းမြတ်သာ(ခ)မောင်ဘုန်း၊ စိုင်းလောင်မိန်း(ခ)ပီလောင်တို့သုံးဦးကို ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0115)
လွင်မြင့်အောင်
အမှတ်တံဆိပ်
ဖြင်းချွေက် လက်ဖက်ခြောက်

အကျိုးအကျိုးသင့်
- အသားအရေတင်းရင်းလှပစေခြင်း၊
- အရေးအကြောင်းများလျော့ပါးစေခြင်း၊
- အနာကျက်မြန်စေခြင်း၊
- သွေးလည်ပတ်မှုအားကောင်းစေခြင်း၊
- သွေးကြောများကြွနိုင်မှုကို ကူညီထိန်းသိမ်းပေးခြင်း၊
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း၊
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း၊
- လန်းဆန်းခွန်အားဖြစ်စေခြင်း၊
- ဆီးရွှင်ခြင်း၊

ခြင်းစွာရွက်အခြောက်၊ ခြင်းစွာရွက်အဆီ၊ လက်ဝတ်ခြောက်တို့ဖြင့်ပြုလုပ်ထားပါသည်။
ISO 9001:2008 နှင့် GMP လက်မှတ်ရလွင်မြင့်အောင် အင်ဒတ်စထရီရယ်(လ) ကုမ္ပဏီလိမိတက်
အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၄၈၈၇၄၊ ၀၁-၅၄၆၅၉၄ မှ ထုတ်လုပ်သည်။
အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များနှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

မလိုချင်တဲ့ အမွေးတွေ ရှိနေသလား ...
- အရေပြားရောဂါအမျိုးမျိုး
- အလှအပပြဿနာများ
- ဝက်ခြီ၊ ဆားဝက်ခြီ၊ အသီးပြန်ခြင်း၊ ဝက်ခြီအမာရွတ်၊ အညိုအမည်းကျန်ခြင်း၊

ဖြင့် အင် ဆန်း
အရေပြားနှင့်အလှအပဆေးခန်း

အသားအရောင်မှိန်ခြင်း၊ မွဲခြောက်၊ တင်းတိပ်၊ နေလောင်ကွက်၊ အရေးအကြောင်းထခြင်း၊ အသားဖြူဆေး၊ ဘိုတောက်စ်ထိုးခြင်း၊ ဖြည့်ဆေးထိုးခြင်း၊ လေဆာစက်များဖြင့် ကုသခြင်းတို့အပြင် အခြားသောအသားအရေထိန်းသိမ်းခြင်းဆိုင်ရာ ကုသမှုအမျိုးမျိုးကို အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသဆောင်ရွက်ပေးပါသည်။

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ပွိုးရှင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း-၃၈၂၂၄၄၊ ၂၅၆၀၄၅

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ အင်္ဂလိပ်စာ

ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

မိဘရဲ့ကျေးဇူးကြောင့် ကျွန်တော် အသက်သုံးနှစ်မှာ ကျောင်းစတက်ခွင့်ရပါတယ်။ တက်ရတဲ့ကျောင်းက မူကြိုကျောင်း။ ပြည်ထောင်စုလမ်းမှာ အခုထိရှိပါတယ်။ ဒီကျောင်းကိုဖွင့်တဲ့သူက လေဒီပေါ်ထွန်း။ ဒါကြောင့် လေဒီပေါ်ထွန်းကျောင်းအဖြစ် လူတိုင်းသိကြတယ်။ ငယ်ငယ်တုန်းကတော့ မသိပါဘူး။ ကြီးလာမှ ကျောင်းအုပ်ဖြစ်သူက အင်္ဂလိပ်လူမျိုး ဆရာမကြီးဟာ ဆာဘွဲ့ရ ဦးပေါ်ထွန်းရဲ့ဇနီးဖြစ်တာ သိရပါတယ်။ ဆာပေါ်ထွန်းဟာ စစ်ကြိုခေတ်က ထင်ရှားတဲ့ နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ဝန်ကြီးချုပ်တာဝန်ယူခဲ့သူ။ လေဒီပေါ်ထွန်းကျောင်းကိုတက်ပြီး အင်္ဂလိပ်စာနဲ့ စကားကို စပြီးသင်ယူခွင့်ရခဲ့ပါတယ်။ အေ ဘီ စီ ဒီ နဲ့ က၊ ခ၊ ဂ၊ ဃ ကို တစ်ပြိုင်တည်းသင်ယူခဲ့တယ်။ ကျောင်းအုပ်ကြီးလုပ်သူက ဗိုလ်မကြီးဖြစ်တာမို့ ကျောင်းသား ကျောင်းသူတွေအားလုံးက အင်္ဂလိပ်စကားပဲ ပြောကြတယ်။ အလိုလို ဘာသာစကားတစ်ခုကို တတ်မြောက်ခဲ့ပါတယ်။

လေဒီပေါ်ထွန်းကျောင်းကနေ ဖခင်လုပ်သူရဲ့ တာဝန်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ကျောင်းမှာ ဆက်လက်ပြီး စာသင်ကြားခွင့်ရခဲ့ပါတယ်။ မြန်မာပြည်ကို ပြန်လာတဲ့အခါမှာလည်း နာမည်ကြီးလှတဲ့ အင်္ဂလိပ်မက်သဒစ်အထက်တန်းကျောင်းမှာ ဆက်လက်ပြီး ကျောင်းတက်ခဲ့ပါတယ်။ အဲဒီတုန်းက မြန်မာစကားပြောရင် ဒဏ်ရိုက်တဲ့အထိ အင်္ဂလိပ်စာကို ဦးစားပေးခဲ့တယ်။ ဒါကြောင့်မို့လည်း တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး တက္ကသိုလ်ရောက်ချိန်မှာ ကျွန်တော်ဟာ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သူတစ်ဦးဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အင်္ဂလိပ်စာနဲ့ပတ်သက်လာရင် ခေတ်အဆက်ဆက်က ပုံစံအမျိုးမျိုးနဲ့ ကိုင်တွယ်ဖြေရှင်းကြတာ တွေ့မြင်ရပါတယ်။ ဒုတိယကမ္ဘာစစ်မတိုင်မီ ကိုလိုနီခေတ်က ကျောင်းသား ကျောင်းသူတွေဟာ အင်္ဂလိပ်စာကို ကျွမ်းကျင်ကြပါတယ်။ လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့အပါအဝင် ကျောင်းသား ကျောင်းသူတွေဟာ အင်္ဂလိပ်စာနဲ့ပဲ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ကြတာတွေ့ရပါတယ်။ ဗိုလ်ချုပ်ရဲ့ အရေးအသားတွေကို ဖတ်ရှုရတဲ့အခါ အင်္ဂလိပ်စာကို ထိထိမိမိ ကျွမ်းကျင်စွာသုံးနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ သူဟာ ဆောင်းပါးတွေ ရေးသားရာမှာ အင်္ဂလိပ်စာနဲ့ရေးသားခဲ့တာကိုလည်း တွေ့ရပါတယ်။ လွတ်လပ်ရေးရပြီးချိန်မှ အစိုးရကျောင်းနဲ့ ခရစ်ယာန်သာသနာပြုကျောင်း ကျောင်းနှစ်မျိုးနှစ်စားတည်ရှိခဲ့ပါတယ်။သာသနာပြုကျောင်းတွေမှာ အင်္ဂလိပ်စာကိုပဲ အဓိကထားပြီး သင်ကြားခဲ့ပါတယ်။ ငယ်ငယ်တုန်းက အကြောင်းတွေကို ပြန်စဉ်းစားတဲ့အခါ မိမိနဲ့ကျောင်းနေဖက်တွေရဲ့ မိဘတွေအများစုဟာ နိုင်ငံရေးလောကနဲ့ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ ဖြစ်ကြတာ တွေ့ရပါတယ်။ ကျွန်တော်အပါအဝင် မိဘတွေအနေနဲ့ မိမိရဲ့ကလေးတွေကို အစိုးရကျောင်းမှာ မထားဘဲ သာသနာပြုကျောင်းတွေမှာ ထားခဲ့တာက စဉ်းစားစရာအချက်တစ်ခု ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ သာသနာပြုကျောင်းတွေကို ပိတ်ခဲ့ပြီး ကျောင်းတွေကို ပြည်သူပိုင် သိမ်းခဲ့ပါတယ်။ အင်္ဂလိပ်စာသင်ကြားမှုကိုလည်း ရပ်ဆိုင်းခဲ့ပြန်တယ်။ ဒါကြောင့်မို့ အင်္ဂလိပ်စာ ကျွမ်းကျင်တတ်မြောက်မှုက တဖြည်းဖြည်း လျော့နည်းလာခဲ့ပြန်တယ်။ ဖြစ်လာတဲ့ဆိုးကျိုးကို ရိပ်စားမိပြီး အင်္ဂလိပ်စာကို ပြန်ပြီး သင်ကြားတဲ့အခါ ဆုံးရှုံးသွားခဲ့တဲ့ နှစ်တွေက မနည်းတော့ပါဘူး။ တက္ကသိုလ်တွေမှာ အင်္ဂလိပ်နဲ့ သင်ကြားပို့ချရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေ ထုတ်ခဲ့တယ်။ သင်ကြားတဲ့ ဆရာ ဆရာမတွေအတွက် အခက်အခဲအကြီးအကျယ်ဖြစ်ပြီး ဖားတစ်ပိုင်း ငါးတစ်ပိုင်းနဲ့ အင်္ဂလိပ်စာမကျ မြန်မာစာမကျနဲ့ အဆင်ပြေသလို ဆောင်ရွက်ခဲ့ကြတာ တွေ့ရပါတယ်။ စာမေးပွဲမေးခွန်းများကို အင်္ဂလိပ်လိုထုတ်ဝေရန် အင်္ဂလိပ်လို အပြည့်အဝ ရေးနိုင်၊ ပြောနိုင်တဲ့သူတွေ စုစည်းခဲ့ပါတယ်။ တာဝန်ရှိတဲ့သူတွေ ကျေနပ်အောင် အဖြစ်သဘောလုပ်ဆောင်လိုက်နာခဲ့ကြပါတယ်။ ဒီဘက်ခေတ်ရောက်ပြန်တော့ အခြေနေတွေက တစ်မျိုးဖြစ်လာပြန်တယ်။ အခုဆိုရင် ရန်ကုန်၊ မန္တလေးနဲ့ မြို့ကြီးအချို့မှာ ပုဂ္ဂလိကကျောင်းတွေ ဖွင့်လှစ်ခွင့်ရပြီး ယခင်က သာသနာပြုကျောင်းများကို အစားထိုးတဲ့ သဘောဆောင်နေတာ တွေ့ရပါတယ်။ ထူးခြားချက်တစ်ခုက ကျွန်တော်တို့သာသနာပြုကျောင်းမှာ စာသင်ရပေမယ့် စာမေးပွဲကတော့ နိုင်ငံတော်အစိုးရက သတ်မှတ်ထားတဲ့ လေးတန်းစာမေးပွဲ၊ ခုနစ်တန်းစာမေးပွဲနဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲများကို ဖြေဆိုခဲ့ပါတယ်။ အခုတော့ ပုဂ္ဂလိကကျောင်းတက်တဲ့ ကလေးတွေဟာ အစိုးရစစ်စာမေးပွဲတွေကို မဖြေတော့ဘဲ SAT နဲ့ GCE စာမေးပွဲများကို ဖြေဆိုကြပါတယ်။ အဓိပ္ပာယ်က သူတို့တစ်တွေဟာ မြန်မာပြည်၌ ဖွင့်လှစ်ထားတဲ့ တက္ကသိုလ်တွေမှာ တက်ဖို့ အစီအစဉ်မရှိဘဲ နိုင်ငံခြားတိုင်းပြည်တွေမှာ စာသင်ဖို့ ရည်ရွယ်ထားတာ ဖြစ်ပါတယ်။

အင်္ဂလိပ်စာကို တစ်ချိန်က ကျွန်ပညာရေးအဖြစ် သတ်မှတ်ထားခဲ့ကြတယ်။ လွတ်လပ်ရေးလှုပ်ရှားမှုရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခဲ့ပါတယ်။ ဒီအဖြစ်များကို မြန်မာနိုင်ငံသာမက ကိုလိုနီနိုင်ငံဖြစ်ခဲ့တဲ့ နိုင်ငံတိုင်းလိုလိုမှာ တွေ့ကြုံခဲ့ရပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း နိုင်ငံရေးခေါင်းဆောင်ကြီး ဂန္ဓီကြီးဟာ အင်္ဂလိပ်စာနဲ့ ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ဝေဖန်ကန့်ကွက်ခဲ့တာ တွေ့ရပါတယ်။

(၂၁)ရာစုမှာ အင်္ဂလိပ်စာနဲ့ပတ်သက်ပြီး အယူအဆ အမြင်တွေပြောင်းလဲလာတာ တွေ့ရပါတယ်။ တစ်ကမ္ဘာလုံးမှာ ရုံးသုံးဘာသာစကားဟာ အင်္ဂလိပ်စာ ဖြစ်နေပါတယ်။ အခုခေတ်လူငယ်တွေဟာ Internet ကို တွင်တွင်ကျယ်ကျယ်သုံးစွဲတဲ့အခါ အင်္ဂလိပ်စာဟာ မတတ်မဖြစ်တဲ့ ဘာသာစကားတစ်ခု ဖြစ်လာတာ တွေ့ရပါတယ်။ အထူးသဖြင့် စီးပွားရေးလောကမှာ အင်္ဂလိပ်စာကို ကျွမ်းကျင်ဖို့ အထူးလိုအပ်လှပါတယ်။ မကြာမီ ကျွန်တော်တို့နိုင်ငံဟာ အေအီးစီအဖွဲ့ဝင်နိုင်ငံဖြစ်လာမှာ ဖြစ်ပါတယ်။ အခုလို စီးပွားရေးပူးပေါင်းဆောင်ရွက်ရာမှာ အခြေခံစိန်ခေါ်မှု တစ်ရပ်က အင်္ဂလိပ်စာ တတ်ကျွမ်းမှုပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပို့ကုန်များတိုးမြှင့်ရာ၌ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ဆက်ဆံမှုများကို တိုးမြှင့်ရာ၌လည်းကောင်း၊ အင်္ဂလိပ်စာဟာ အရေးကြီးလှပါတယ်။

အင်္ဂလိပ်စာတတ်ကျွမ်းမှုနဲ့ ပတ်သက်ပြီး English Proficiency Index (EPI) လို့ခေါ်တဲ့ ညွှန်းကိန်းတစ်ရပ်ကိုသုံးပြီး နိုင်ငံတွေရဲ့ အခြေအနေကို တိုင်းထွာနိုင်ပါတယ်။ EPI ကို မြန်မာနိုင်ငံမှာ အသုံးမပြုသေးပါဘူး။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံဟာ တိုင်းထွာခဲ့တဲ့ နိုင်ငံပေါင်း ၆၀ ရှိတဲ့အနက် အဆင့် ၅၅ မှာ ရှိလာပါတယ်။ စင်ကာပူနဲ့ မလေးရှားနိုင်ငံတို့ရဲ့အဆင့်ဟာ မြင့်မားနေတာတွေ့ရပြီး ဗီယက်နမ်နိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတွေဟာ အလယ်အလတ်အဆင့်မှာ ရှိကြပါတယ်။ ဘာသာစကားတစ်ခုနဲ့ ပတ်သက်ပြီး ကျွမ်းကျင်မှုရှိခြင်းဟာ Native Speaker အင်္ဂလိပ်စကားကို နေ့တိုင်းသုံးစွဲတဲ့သူတစ်ဦးလို ပြောနိုင်ဆိုနိုင်ခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် အခုသတိပြုရမှာက အင်္ဂလိပ်စကားကို နေ့တိုင်းပြောကြတဲ့ နိုင်ငံတွေမှာတောင် အသံထွက်တွေ မတူကြတာ တွေ့ရပါတယ်။ အင်္ဂလန်မြောက်ဘက်ပိုင်းမှာရှိတဲ့ စကော့တလန်နိုင်ငံက လူမျိုးတွေပြောတဲ့ အင်္ဂလိပ်စကားကို တော်ရုံတန်ရုံ နားလည်ဖို့ခက်ခဲပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ အင်္ဂလိပ်စကား နေ့တိုင်းသုံးစွဲပါတယ်။ ဒါပေမယ့် တောင်ပိုင်းကပြောတဲ့သူတွေ၊ မြောက်ပိုင်းကပြောတဲ့သူတွေနဲ့ အလယ်ပိုင်းက ပြောတဲ့သူတွေရဲ့ အသံထွက်တွေဟာ မတူကြဘဲ ခြားနားနေတာ တွေ့ရပါတယ်။ ဩစတြေးလျနိုင်ငံက သူတွေရဲ့ အင်္ဂလိပ်စကားပြောသံတွေဟာလည်း ထူးခြားလှပါတယ်။ စင်ကာပူနိုင်ငံသားတွေသုံးတဲ့ အင်္ဂလိပ်စကားကို Singlish လို့ သရော်ပြီး သတ်မှတ်ကြပါတယ်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်ပါတယ်။ မြန်မာတွေ အင်္ဂလိပ်လိုပြောရာမှာလည်း အသံနေ အသံထားဟာ ထူးခြားနေတာ တွေ့ရပါတယ်။ တစ်ခုတော့ သတိပြုစေချင်ပါတယ်။ ပြောတဲ့နေရာမှာ အသံထွက်မတူတာ ပြဿနာမရှိပေမယ့်ရေးတဲ့အခါမှာတော့ မှန်ကန်ဖို့ အထူးသတိထားရမှာဖြစ်ပါတယ်။ အခုဆိုရင် စားသောက်ဆိုင်တွေမှာ အစားအသောက်နဲ့ပတ်သက်ပြီး (Menu) ကို အင်္ဂလိပ်စာနဲ့ ရေးသားလာကြတာ တွေ့ရပါတယ်။ ဒါပေမယ့် တစ်ခါတလေ စာလုံးပေါင်း လုံးဝလွဲချော်ခဲ့တာမို့ ဝိုအားထက် ရယ်အားသန် ဖြစ်ခဲ့ရပါတယ်။ တလောက စားသောက်ဆိုင်တစ်ဆိုင်မှာ Steamed Crap ဆိုပြီး မှားယွင်းစွာရေးသားထားတာ တွေ့ရပါတယ်။ အမှန်တော့ ကဏန်းပေါင်းကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။ Crab အစား Crap လို့ ရေးထားတာမို့ ကဏန်းမဟုတ်တော့ဘဲ မစင်ဖြစ်သွားပါတယ်။ စားသုံးသူက မစင်ပေါင်း မှာစားရမယ့် အဓိပ္ပာယ်ပေါက်သွားပါတယ်။ အင်္ဂလိပ်စာနဲ့ ပတ်သက်လာရင် ကျွန်တော်တို့နိုင်ငံမှာ အခြေခံကျကျ ဆန်းစစ်သုံးသပ်ဖို့ လိုအပ်လှပါတယ်။ လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုကို ဖော်ထုတ်ဆောင်ရွက်ရာမှာ ကျောင်းသား ကျောင်းသူအားလုံး အင်္ဂလိပ်စာကို ကျွမ်းကျင်အောင် မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်းကို အခြေခံကျကျသုံးသပ်ဖို့ လိုအပ်နေပါတယ်။ ချဉ်းကပ်နည်းအသစ်တွေကို ဖော်ထုတ်ရမှာဖြစ်ပါတယ်။ အင်္ဂလိပ်စာကို ဘာသာရပ်တစ်ခုအဖြစ် မစဉ်းစားဘဲ လက်နက်တစ်ရပ်အဖြစ် စဉ်းစားရမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ပညာရှိတဲ့သူတွေအတွက်သာမက အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်ဝန်ထမ်းများအတွက်ပါ စဉ်းစားဖို့လိုအပ်မှာ ဖြစ်ပါတယ်။ အေအီးစီကြောင့် ကျွန်တော်တို့ဟာ ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်။ အခုလို ယှဉ်ပြိုင်တဲ့နေရာမှာ အင်္ဂလိပ်စာ ကျွမ်းကျင်မှုဟာ မိမိအတွက် အားသာချက်တစ်ရပ် ဖြစ်ပါတယ်။ ပွင့်လင်းလာတဲ့ နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွေကြောင့် နိုင်ငံခြား ကမ္ဘာလှည့် ခရီးသည်ဦးရေဟာ တစ်စနဲ့တစ်စ တိုးမြင့်လာတာ တွေ့မြင်ရပါတယ်။ သူတို့နဲ့ ထိတွေ့ဆက်ဆံတဲ့ ဧည့်ကြိုတွေ၊ ဟိုတယ်ဝန်ထမ်းတွေ၊ စျေးဆိုင်တာဝန်ခံတွေ၊ ယာဉ်မောင်းတွေ သူတို့အားလုံးအတွက် အင်္ဂလိပ်စာ တတ်မြောက်မှုဟာ အလွန်အရေးပါလှပါတယ်။ အင်္ဂလိပ်စာကို ကျွမ်းကျင်တဲ့ ဝန်ထမ်းတွေအတွက် အခွင့်အလမ်းများစွာ ရှိပါတယ်။ ရာထူးတိုးတက်မှုအတွက် လည်းကောင်း၊ လုပ်ခလစာတိုးမြှင့်မှုအတွက် လည်းကောင်း အင်္ဂလိပ်စာဟာ အဓိကကျပါတယ်။

မြန်မာနိုင်ငံမှာ အင်္ဂလိပ်စာ သင်ကြားမှုဟာ ဝတ်ကျေတန်းကျေဆောင်ရွက်သလို ဖြစ်နေပါတယ်။ အင်္ဂလိပ်သဒ္ဒါကို ဦးစားပေးသင်ကြားနေပြီး အင်္ဂလိပ်စာအသုံးချမှုမှာ အားနည်းနေပါတယ်။ သဒ္ဒါမှာ အမှတ်များများရပေမယ့် စကားမပြောတတ်တဲ့သူတွေက အများကြီး။ သင်ကြားတဲ့ ဆရာ ဆရာမများဟာ အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာကို ကျွမ်းကျင်မှု အားနည်းနေတာမို့ တစ်ဆင့်ခံသင်ကြားနေကြရတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် အခက်အခဲနဲ့ ရင်ဆိုင်ကြရပါတယ်။

ကျောင်းတွေမှာ အင်္ဂလိပ်စာသင်ကြားခွင့် ရှိပေမယ့် အိမ်မြန်ရောက်ရင် အင်္ဂလိပ်လို ပြောတတ်ရေးတတ်တဲ့သူတွေ မရှိပြန်တော့ ပိုပြီးခက်ခဲပါတယ်။ စောစောက တင်ပြခဲ့တဲ့ ပုဂ္ဂလိကကျောင်းအသစ်တွေမှာ နိုင်ငံခြားက ဆရာတွေခေါ်ယူပြီး အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာကို သင်ကြားပို့ချစေပါတယ်။

ဒါကြောင့်လည်း ဒီကျောင်းက ကလေးတွေဟာ တစ်ပန်းသာကြပြန်တယ်။ အင်္ဂလိပ်စာသင်ကြားမှုကို ပညာရေးဝန်ကြီးဌာနရဲ့ တာဝန်တစ်ရပ်အနေဖြင့် မစဉ်းစားသင့်ဘဲ လူတိုင်းရဲ့ တာဝန်တစ်ရပ်အဖြစ် စဉ်းစားဖို့လိုပါတယ်။ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ လူမှုရေးတာဝန်ကျေမှုကို ဖော်ထုတ်တဲ့အနေနဲ့ မိမိဝန်ထမ်းတွေရဲ့ အင်္ဂလိပ်စာကျွမ်းကျင် တတ်မြောက်မှုကို မြှင့်တင်ပေးသင့်ပါတယ်။ အဖွဲ့အစည်းတွေမှာ တာဝန်ရှိသလို တစ်ဦးချင်း၊ တစ်ယောက်ချင်းမှာလည်း တာဝန်မကင်းပါဘူး။ နိုင်ငံခြားဘာသာစကားပြောဖို့ ရှက်တဲ့စိတ်ကိုလည်း ပြင်ရမှာဖြစ်ပါတယ်။

ကျွန်တော်ဟာ စီးပွားရေးပညာရှင်တစ်ဦးပါ။ ပြဿနာတိုင်းကို အခြေခံစီးပွားရေး ဥပဒေသဖြစ်တဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအား ရှုထောင့်နှစ်ရပ်က အစဉ်သုံးသပ်ပါတယ်။ အင်္ဂလိပ်စာနဲ့ ပတ်သက်လာရင်လည်း အခုလိုပဲ သုံးသပ်ပါတယ်။ သုံးသပ်ဆန်းစစ်တဲ့အခါမှာ အင်္ဂလိပ်စာသင်ကြားမှုကို ရောင်းလိုအား ရှုထောင့်တစ်ရပ်တည်းကစဉ်းစားပြီး ဖြေရှင်းနေတာ တွေ့ရှိရပါတယ်။ အင်္ဂလိပ်စာသင်ကြားတဲ့ကျောင်းတွေ၊ ဆရာ ဆရာမတွေကို ဂရုပြုပြီး သုံးသပ်ကြပါတယ်။ အခုလို မစဉ်းစားဘဲ အင်္ဂလိပ်စာဝယ်လိုအား တစ်နည်းပြောရရင် အင်္ဂလိပ်စာကို အသုံးချမယ့် ရှုထောင့်ကသုံးသပ်ပြီး ဖြေရှင်းရင်အဖြေအသစ်တစ်ခု ရနိုင်မှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာတတ်မြောက်တဲ့အတွက် မိမိအတွက် အကျိုးသက်ရောက်မှုရှိတယ်။ ဒါကြောင့် တတ်မြောက်အောင် မဖြစ်မနေလုပ်ရမယ်ဆိုတာကို ဂရုပြုပြီး စဉ်းစားနိုင်ရင် လိုအပ်တဲ့အဖြေတစ်ခုရနိုင်မှာဖြစ်ပါတယ်။ ။

> “ အင်္ဂလိပ်စာကို ဘာသာရပ်တစ်ခုအဖြစ် မစဉ်းစားဘဲ လက်နက်တစ်ရပ်အဖြစ် စဉ်းစားရမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ပညာရှိတဲ့သူတွေအတွက်သာမက အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်ဝန်ထမ်းအများအတွက်ပါ စဉ်းစားဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ”

ဘိန်းခင်းများ ကွင်းဆင်းဖျက်ဆီး

နောင်တရား အောက်တိုဘာ ၁၉

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုကို တိုက်ဖျက်ရန် ရည်ရွယ်ချက်ဖြင့် ပအိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့မှ နယ်မြေစိုးမိုးရေး စခန်းများ ရဲအုပ်မင်းသိန်းထူး ဦးဆောင်၍ နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဘိန်းခင်းများ ကွင်းဆင်းဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် အောက်တိုဘာ ၁၈ ရက်က ဘိန်းခင်းများ ရှာဖွေဖျက်ဆီးရန် နောင်ပိကျေးရွာ အုပ်စုသို့ ထွက်ခွာခဲ့ရာ နောင်ပိအုပ်စု နောင်ပိရွာသို့ ရောက်ရှိပြီး ကျေးရွာလူကြီး ဦးဆွန်ပါနှင့် ရွာသား ၃၃ ဦးတို့ ပူးပေါင်း၍ နောင်ပိရွာ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ နှစ်ပေခန့် သီးပွင့်ဆဲ ဘိန်းခင်း ၁၉ ဧကကို မြက်ရိတ်စက် ငါးလုံးဖြင့် နံနက် ၉ နာရီ ၅ မိနစ်မှ မွန်းလွဲ ၂ နာရီခွဲ အထိ ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဆုမွန် (iprd)

ပြည်တွင်းသတင်း

ဘဂ်လားဒေ့ရ်ကျောင်းတိုက်၏ ကထိန်လျှာသက်နန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်လျှာသက်နန်းဆက်ကပ်လှူဒါန်းပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘုန်းတော်ကြီးကျောင်းများ၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြရာ ရန်ကုန်မြို့တာမွေမြို့နယ်ရှိ ဘဂ်လားဒေ့ရ်ကျောင်းတိုက်၏ (၁၈)ကြိမ်မြောက် ကထိန်လျှာသက်နန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ အရိယာလင်္ကာရထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံယာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက ကထိန်လျှာဥတ်သက်နန်းကို ဆရာတော်အား ဆက်ကပ်လှူဒါန်းပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် သံယာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရပ်ကွက်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ၏ (၃၂)ကြိမ်မြောက် ကထိန်လျှာသက်နန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဇေ ဘဒ္ဒန္တသောဘဏာကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသား ကျောက်များရောင်းချပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမျူးကျင်းပလျက်ရှိသည့် မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသား ကျောက်များ ရောင်းချပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ပြည်တွင်းရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအပြင်နှင့် အတွင်းတွင် နေရာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လိုက်လံကြည့်ရှု လေ့လာကြပြီး မိမိတို့ဝယ်ယူလိုသော ကျောက်စိမ်းအတွဲများကို လေ့လာမှတ်သားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းကျောက်မျက်ရတနာ ကုန်သည်များသည် မိမိတို့ ဝယ်ယူရန်သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

အဆိုပါ ရောင်းချပွဲကို အောက်တိုဘာ ၂၀ ရက်အထိ ဆက်လက်ပြသရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ ဗိုလ်ချုပ်ကျေးရွာရှိ အသက် (၈၅)နှစ်နှင့်အထက် အသိုး အဘွား (၃၃)ဦးတို့ကို ကိုးနဝင်းဓမ္မာရုံ၌ အောက်တိုဘာ ၁၈ ရက်က ပူဇော်ကန်တော့ကြစဉ်။
သန်းဝင်း(သန်လျင်)

❖ *ကျောဖုံးမှ*

၁၇၄ ပေ၊ အစွယ် ဟိုင်းဆင်၊ ကျောပြာသာဒ်၊ မျက်လုံးဘုတ်၊ နားရွက်နားကြီး၊ အသားအရေမှာ သြဇာကွက်နှင့် အမြီးမှာ တံခါးပိတ်ဖြစ်ပြီး အမှုအကျင့်မှာ ဆင်အမျိုးအစားများထဲတွင် တစ်မူထူးခြား ယဉ်ကျေးလိမ္မာသည့် ဆင်မျိုးဖြစ်၍ ပြည်သူများ၏ ချစ်ခင်နှစ်သက်မှုကို ယနေ့ထိတိုင် ခံယူလျက်ရှိသည်။ မိုမို၏ မွေးနေ့ပွဲကို ပြီးခဲ့သည့် အသက် (၆၀) ပြည့်နှစ်က ပထမဦးဆုံးအကြိမ်ကျင်းပခဲ့ပြီး ယနေ့ကျင်းပသည့် အသက် (၆၁)နှစ်ပြည့်သည် ဒုတိယအကြိမ်မြောက်ကျင်းပခဲ့ခြင်းဖြစ်ကာ အလှူရှင် ထူးကုမ္ဂဏီအုပ်စုက အကုန်အကျခံ လှူဒါန်းပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့က မိုမိုရဲ့ အသက် (၆၁) နှစ်ပြည့်မြောက်တဲ့ မွေးနေ့ပါ။ ဒါဒုတိယအကြိမ်ပြုလုပ်ပေးခြင်းဖြစ်ပါတယ်။ မနှစ်က အသက် (၆၀) ပြည့်ကစပြီး မိုမိုအတွက် နှစ်စဉ်မွေးနေ့ပွဲလေးပြုလုပ်ပေးဖို့ တိုင်ပင်ဖြစ်ခဲ့ကြတာပါ။ မနှစ်ကတော့ ဒီလောက်မစည်ကားခဲ့ပါဘူး။ ဒီနှစ်ကတော့ ပြည်သူတွေကလည်း တော်တော်သိရှိသွားပြီး ရှိုးပွဲတွေ၊ မျက်လှည့်ပွဲတွေ၊ ကံစမ်းမဲတွေထည့်သွင်းကျင်းပထားတော့ သိတဲ့အတိုင်း ပြည်သူတွေ တော်တော်လေး လာရောက်ကြည့်ရှုကြပါတယ်။ နောင်နှစ်နောင်နှစ်တွေမှာလည်း မိုမိုရဲ့မွေးနေ့ပွဲလေးကို ဒီထက်အများကြီး စည်ကားအောင် အစီအစဉ်တွေဆွဲ အဆင့်မြှင့်တင် လုပ်ဆောင်ပေးသွားဖို့ ရှိပါတယ်"ဟု ရန်ကုန်တိရစ္ဆာန် ဥယျာဉ်မှ တိရစ္ဆာန်ထိန်းသိမ်းရေးတာဝန်ခံ ဦးအေးလှိုင်က ပြောသည်။

ယခုဒုတိယအကြိမ် ပြုလုပ်ပေးသည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ သက်တမ်းကြာမြင့်သည့် ဆင်မမိုမို၏ (၆၁)နှစ်ပြည့်မွေးနေ့ပွဲကို ထူးကုမ္ဂဏီများ အုပ်စုက ငွေကျပ်သိန်း ၂၀ အကုန်အကျခံလှူဒါန်းပြုလုပ်ပေးခြင်းဖြစ်ပြီး နောင်နှစ်နောင်နှစ်များမှာလည်း ဒီထက်မက အကုန်အကျခံ လှူဒါန်းပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကုမ္ဂဏီ အနေဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို အကြီးစားပြုပြင်မှုဖြင့် အဆင့်မြှင့်တင်သွားရန် အစီအစဉ်ရေးဆွဲလျက်ရှိသည်။

" မိုမိုရဲ့ မနှစ်က နှစ်(၆၀)ပြည့် မွေးနေ့ပွဲမှာတော့ လာရောက်လှူဒါန်းမှု မပြုလုပ်နိုင်ခဲ့ပါဘူး။ ဒီနှစ်တော့ စည်စည်ကားကားလေး ဖြစ်အောင်နဲ့ လာရောက်ကြည့်ရှုတဲ့ ကလေးတွေလည်း ဗဟုသုတရတဲ့အပြင် ဒီရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာရှိတဲ့ ဆင်မမိုမို ရဲ့သက်တမ်းကို သိရှိအောင် ရည်ရွယ်ပြီး ကျွန်တော်တို့ကုမ္ဂဏီ အနေနဲ့ အခုလိုလှူဒါန်းဖြစ်ခဲ့တာပါ။ ဒီရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ကျွန်တော်တို့ ကုမ္ဂဏီအနေနဲ့ များမကြာမီမှာ နိုင်ငံခြားကပညာရှင်တွေနဲ့ နိုင်ငံတကာအဆင့်မီဖြစ်အောင် အကြီးစားပြုပြင်ထိန်းသိမ်းမှုတွေ ပြုလုပ်သွားဖို့ရှိပါတယ်" ဟု ထူးကုမ္ဂဏီများအုပ်စု Zoo and Garden Sectors မှ စီမံခန့်ခွဲမှု လက်ထောက်မန်နေဂျာ ကိုရဲလင်းစိုးက ပြောသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် ၁၉၀၆ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်၍ ယခုအခါနှစ်ပေါင်း (၁၀၀) ကျော်ရှိပြီဖြစ်သည်။ အရှေ့တောင်အာရှတွင် သက်တမ်းအရင့်ဆုံးနှင့် ရှေးဟောင်းအဆောက်အအုံ အမွေအနှစ်များတည်ရှိသော တိရစ္ဆာန်ဥယျာဉ်ဖြစ်၍ ယနေ့ထက်တိုင် ပြည်သူများ အပန်းဖြေအနားယူ လေ့လာလျက်ရှိကြသည်။ အများပြည်သူအပန်းဖြေ ဖျော်ဖြေရေးအတွက် တိရစ္ဆာန်ပြပွဲများကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် ပြသပေးလျက်ရှိကြောင်း သိရသည်။

"အခေါ်တို့အနေနဲ့ အဘိုးလှူခဲ့တဲ့ မိုမိုရဲ့ အသက် (၆၁)နှစ်ပြည့်မှာ အလှူငွေကျပ် ၆၁၀၀၀ လှူဒါန်းခဲ့ပါတယ်။ အခုလို စည်ကားတာတွေ့ရတော့ အလွန်ပျော်ပါတယ်။ အဘိုးသာသိရင် ဝမ်းသာမဆုံးဖြစ်မိမှာပါ။ နောင်နှစ်တွေမှာလည်း အခုလိုကြုံကြိုက်ရင် ဆက်ဆက်လာပြီး မိုမိုလေးမွေးနေ့ကို လာရောက်ဖြစ်မှာပါ" ဟု ဆင်မလေး မိုမိုကို လာရောက်လှူဒါန်းခဲ့သည့် ကယားပြည်နယ်မှ ဦးခွန်စန္ဒ၏ မြေးဒေါ်တင်တင်နွဲ့က ဆိုသည်။

အများပြည်သူများ အပန်းဖြေရန်အတွက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို တစ်နှစ်ပတ်လုံး ပိတ်ရက်မရှိဘဲ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားပြီး ဝင်ကြေးအဖြစ် လူကြီးငွေကျပ် ၁၀၀၀ နှင့် ကလေး ငွေကျပ် ၅၀၀တို့ကို ကောက်ခံဖွင့်လှစ်ပေးလျက်ရှိသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ယခုလက်ရှိတွင် တိရစ္ဆာန်ပေါင်း ၁၀၀၀ ကျော်ကို အဆောက်အအုံပေါင်း ၆၀ ကျော်တွင် ထားရှိပြီး ဝန်ထမ်း ၂၀၀ ကျော်တို့က ပိတ်ရက်မရှိ ဝန်ဆောင်မှုပြုလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပရိသတ်အချို့၏ မလိုလားအပ်သော အပြုအမူများကြောင့် ဒဏ်ငွေနှင့်ကွင်းပိတ်ပြစ်ဒဏ် အာရှဘောလုံးအဖွဲ့ချုပ်မှချမှတ်

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသော AFC U19 Championship Myanmar 2014 ဘောလုံးပြိုင်ပွဲတွင် ပရိသတ်အချို့၏ မလိုလားအပ်သောအပြုအမူများကြောင့် အာရှဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ဒဏ်ကြေးငွေ ဒေါ်လာ ၂၄၀၀၀ နှင့် နှစ်နှစ်အတွင်း အိမ်ရှင်အဖြစ်ကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲများမှ ပွဲစဉ်တစ်ပွဲအား ပရိသတ်မပါဘဲကစားစေရန် အောက်တိုဘာ ၁၉ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

အဆိုပါပြိုင်ပွဲကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် အောက်တိုဘာ ၉ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိပြီး ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ အောက်တိုဘာ ၁၃ ရက်က အီရန်နှင့်ကစားခဲ့သည့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပရိသတ်အချို့က ပွဲကြည့်ထိုင်ခုံများကို ရိုက်ချိုးဖျက်ဆီး၍ ကွင်းအတွင်းသို့ ပစ်ပေါက်ခြင်း၊ သတ်မှတ်နေရာများတွင် အားပေးမှုမရှိခြင်း စသည့်အပြုအမူများပြုလုပ်ခဲ့ကြပြီး အောက်တိုဘာ ၁၇ ရက် ယူအေအီးအသင်းနှင့်ကစားခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ် အနိုင်ရရှိခဲ့ပြီး မြန်မာ့ဘောလုံးသမိုင်းတွင် ပထမဆုံး ကမ္ဘာ့ဖလား ယူ-၂၀ ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့သည့်အတွက် ပရိသတ်အချို့ ကွင်းအတွင်းမြက်ခင်းပြင်ပေါ်သို့ ဝင်ရောက်၍ အောင်ပွဲခံခဲ့ကြသည်။

အဆိုပါပွဲစဉ်တွင် ကွင်းအတွင်းဝင်ရောက်ခဲ့သည့် အချို့သောပရိသတ်များအနေဖြင့် ပြိုင်ဘက်အသင်းအား မလိုလားအပ်သော နောက်ပြောင်မှုပြုလုပ်ခြင်း၊ ကွင်းအတွင်းရှိ အားကစားဆိုင်ရာပစ္စည်းအချို့ ဖျက်ဆီးခဲ့ခြင်းတို့ကြောင့် အာရှဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းအရ အထက်ပါအတိုင်း ပြစ်ဒဏ်များ ချမှတ်အရေးယူခဲ့ခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ အရေးယူမှု သတိပေးချက်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဒဏ်ကြေးငွေ ဒေါ်လာ ၂၄၀၀၀ ပေးဆောင်ရမည့်အပြင် ပရိသတ်မပါဘဲ နိုင်ငံတကာပြိုင်ပွဲတစ်ပွဲ ကစားစေရန် ဆိုင်ငံပြစ်ဒဏ်ချမှတ်ခဲ့ပြီး အကယ်၍ အောက်တိုဘာ ၂၀ ရက် **(ယနေ့)**တွင် ကာတာအသင်းနှင့်ကစားရမည့် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပရိသတ်များ၏ အလားတူဖြစ်ရပ်မျိုး သို့မဟုတ် စည်းကမ်းချိုးဖောက်မှုမျိုး တစ်ခုခုထပ်မံပြုလုပ်ခဲ့ပါက ဗိုလ်လုပွဲတွင် ပရိသတ်မပါဘဲကစားရမည်ဖြစ်သည့်အပြင် သီးခြားပြစ်ဒဏ်များ ထပ်မံချမှတ်ခံရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါပြစ်ဒဏ်များအား လျှော့ပေါ့ပေးစေရန် အာရှဘောလုံးအဖွဲ့ချုပ်သို့ ထပ်မံရှင်းလင်းပန်ကြား၍ အယူခံဝင်သွားမည်ဖြစ်သည်။

မြန်မာယူ ၁၉ အသင်းအား သမိုင်းဝင်အောင်မြင်မှုအဖြစ် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကြီး ဝင်ရောက်ကစားခွင့်ရရှိစေအောင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးမှုအဖြစ် တစ်ခဲနက်စည်းကမ်းတကျ အားပေးကြည့်ရှုခဲ့ကြသည့် ဘောလုံးချစ်ပရိသတ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အထူးကျေးဇူးတင်ရှိပါသည်။ ၎င်းပွဲစဉ်သည် အာရှအဆင့်ပြိုင်ပွဲကြီးဖြစ်သည့်အတွက် ရုပ်သံတိုက်ရိုက်ထုတ်လွှင့်မှုကို အာရှတိုက်နိုင်ငံများအပြင် အခြားနိုင်ငံအသီးသီးမှလည်း စိတ်ဝင်တစား အားပေးကြည့်ရှုလျက်ရှိရာ ပရိသတ်အချို့၏ ဖော်ပြပါအတိုင်း မလိုလားအပ်သည့် အပြုအမူမျိုး ပြုလုပ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အရေးယူအပြစ်ပေးမှုမျိုး ခံခဲ့ရသည့်အပြင် နိုင်ငံအတွက်လည်း အနည်းနှင့်အများ ဂုဏ်သိက္ခာထိခိုက်စေခဲ့ပါသည်။

အလားတူဖြစ်ရပ်မျိုး ထပ်မံဖြစ်ပေါ်ပါက နိုင်ငံတကာပြိုင်ပွဲမျိုးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်များ ဆုံးရှုံးစေနိုင်ပါသည်။ ၂၀၁၁ ခုနှစ်က အိုမန်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင်လည်း မလိုလားအပ်သည့် အပြုအမူများကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ မြန်မာ့လက်ရွေးစင်အသင်းအား ခြေစစ်ပွဲကစားခွင့် ပိတ်ပင်ခြင်း၊ ဒဏ်ငွေများ ချမှတ်ခြင်းစသည့် အရေးယူအပြစ်ပေးမှုများကို ဂုဏ်သိက္ခာကျဆင်းစရာအဖြစ် ခံခဲ့ရဖူးသည်မှာလည်း ပရိသတ်များ အားလုံးသိရှိပြီးဖြစ်ပါသည်။ ယနေ့ ည ၇ နာရီတွင် ကစားရမည့် ကာတာအသင်းနှင့် ဆီမီးဖိုင်နယ်တွင် မည်သည့်ရလဒ်ထွက်ပေါ်လာသည်ဖြစ်စေ၊ ဘောလုံးချစ်ပရိသတ်များအနေဖြင့် မြန်မာအသင်း၏ ကြိုးစားအားထုတ်အောင်မြင်ခဲ့မှုကို ချီးကျူးအသိအမှတ်ပြု နားလည်သည့်အနေဖြင့် မလိုလားအပ်သော မည်သည့်အပြုအမူကိုမျှ မပြုလုပ်မိစေရန် အချင်းချင်း ဝိုင်းဝန်းထိန်းသိမ်းကူညီဆောင်ရွက်ပေးကြပါရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အထူးမေတ္တာရပ်ခံ ပန်ကြားထားသည်။

ဖိုးသော်ဇင်

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရင်မြို့တော်ဝန် မစ္စတာ ပရီရို ဖက်ဆီနိုနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

✺ ရှေ့ဖုံးမှ

လုပ်ငန်းများကို လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တူရင်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် မစ္စတာ အန်ဒရီရာ ဂါနီလိုင်က တည်ခင်းညှိုခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် တူရင်မြို့ရှိ ဖီးယက်ကုမ္ပဏီ၏ Maserati အဆင့်မြင့်မော်တော်ယာဉ် စက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက စက်ရုံ၏ သမိုင်းကြောင်းနှင့် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် CNH စက်မှုလုပ်ငန်းစုသို့ သွားရောက်လေ့လာခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တူရင်မြို့ မြို့တော်ဝန် မစ္စတာ ပရီရို ဖက်ဆီနိုနှင့် မြို့တော်ဝန်ရုံးခန်းခ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား တူရင်မြို့တော်ဝန်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းညှိုခံခဲ့သည်။

နိုင်ငံတော်သမ္မတသည် စက်ရုံ

များသို့ လှည
တူရင်မြို့တော
တို့တွင် မြန်မာ
အီတလီနိုင်ငံ
ညီအစ်မမြို့များ
တူရင်တက္ကသို
စက်မှုတက္ကသို
တက္ကသိုလ်များ
ဆောင်ရွက်
သားများကို



နိုင်ငံ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ တူရင်မြို့ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့် IREN ကုမ္ပဏီသို့ ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဂန့်ဂေါတွင် ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ကျင်းပ

ဂန့်ဂေါ အောက်တိုဘာ ၁၉

ဂန့်ဂေါမြို့နယ် အားကစားကြီးကြပ်ရေးမှူးကော်မတီ ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အောက်တိုဘာ ၁၈ ရက် ညနေက မြို့နယ်အားကစားကွင်းတွင် ကျောတိုက်ရပ်ကွက် ဘောလုံးအသင်းနှင့် လာပို့ကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျောတိုက်ရပ်ကွက် ဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူတို့က ဆုများ ချီးမြှင့်ပေးအပ်ကြသည်။ (၁၀၁)

ပရီမီယာလီဂ်
ပွဲစဉ်(၈)
အနိုင်အရှုံး

ကျူပီအာ ၂-၃ လီဗာပူး

စပိန်လာလီဂါ

အေတီမက် ၂-၀ အက်စ်ပန်ညို

ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

UN Global Compact အဓိကအချက်များဖြစ်သည့် လူ့အခွင့်အရေး၊ အလုပ်သမားရေးရာ၊ သဘာဝပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အကြောင်းကို စီးပွားရေးလုပ်ငန်းရှင်များ သိရှိနားလည်၍ မိမိတို့၏လုပ်ငန်းများကို ကောင်းမွန်စွာ တိုးချဲ့ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က "Good Comporate Governance and the UN Global Compact" အကြောင်းကို အောက်တိုဘာ ၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

ခင်ချိုဝင်း

မိုးလေဝသအခြေအနေ **နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး ဝန် ကြီး ချုပ် ဖလား မိနီမာရသွန် ပြိုင်ပွဲနှင့် စက်ဘီး သရုပ်ပြ စီးနင်းပွဲကို အောက်တိုဘာ ၁၉ ရက် က တနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့ ရုံးရှေ့ အာဇာနည်လမ်း၌ ကျင်းပစဉ်။ (တိုင်းဒေသကြီး ပြန်/ဆက်)

အာရှ

ရန်ကုန် အ

မြန်မာနိုင်
လက်ခံကျင်းပ
ပြိုင်ပွဲ ဆီ
အောက်တို ဘာ
ဆက်လက်ကျ
၃ နာရီခွဲတွင် ပ
ကစ္စတန်အသင်
အသင်း၊ ည
ပွဲအဖြစ် အိမ်
ကာတာအသင်
မည်ဖြစ်သည်။
မြန်မာ
ကွာတားဖိုင်နေ
ကြီး ယူအေအီး
ပြီး ဆီမီးဖိုင်နေ
ကာ ယူ-၂၀
ယှဉ်ပြိုင်ခွင့်
မြန်မာအသင်း
ပြိုင်ပွဲကို ဝင်
ခဲ့ခြင်းကပင်
ဖြစ်ပြီး ယခုပြ
ပြိုင်ပွဲဖြစ်သော
တက်ရောက်
ယှဉ်ပြိုင်ရမည်

မြန်မာ့ပြည်

ပုဂံ

အာရှစ်မ
က အဓိကကူ
ဂေါက်သီးအဖွဲ့
က ကြီးမှူး၍
ခုနှစ် မြန်မာ
ဂေါက်သီးရိုက်
၏ နောက်ဆုံ

ပြည်တွင်းသတင်း

ဒက္ခိဏာသီရိမြို့နယ်အတွင်း အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုး မိုးစပါးစိုက်ကွင်း ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

ဒက္ခိဏာသီရိမြို့နယ် အောင်သုခကျေးရွာအနီး တောင်သူ ဦးကျော်ဝင်း၏ တစ်ဧကပျမ်းမျှ တင်း ၂၀၀ ထွက်ရှိရေးစိုက်ပျိုးနေသည့် တစ်ကွင်း တစ်ဆက်တည်း ၁၀ ဧက အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုး မိုးစပါးစိုက်ကွင်းသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရောက်ရှိကာ ကြည့်ရှုအားပေးပြီး တောင်သူကြီး ဦးကျော်ဝင်း၏ စပါးခင်းကဲ့သို့ အခြားစပါးစိုက်တောင်သူ လယ်သမားကြီးများလည်း အောင်မြင်မှုများ ရရှိခံစားနိုင်ကြစေရန် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် မျိုးကောင်းမျိုးသန့်များ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အောင်သုခကျေးရွာအတွင်း ကျေးလက် မီးလင်းရေးအတွက် တပ်ဆင်ရန်အသင့်ရောက်ရှိနေသော လျှပ်စစ်ထရန်စဖော်မာ (250 KVA) နှင့် လျှပ်စစ်ထရန်စဖော်မာတပ်ဆင်မည့် နေရာသို့ သွားရောက်ကြည့်ရှု၍ ကျေးရွာသူ ကျေးရွာသားများအား မီးဘေးအန္တရာယ်ကင်းရေး ဂရုပြုဝိုင်းဝန်း စောင့်ရှောက်ကြရန်နှင့် လျှပ်စစ်ဌာနမှ ထုတ်ပြန်ထားသော လျှပ်စစ်ဥပဒေများနှင့်အညီ စည်းကမ်းတကျသုံးစွဲကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏာသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စက်မှုလယ်ယာစနစ်စံပြစိုက်ကွင်းသို့ရောက်ရှိပြီး ငလိုက်လက်တံမြောင်းတစ်လျှောက် စိုက်ကွင်းများတွင် တောင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များ၏ ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်ခြင်းလုပ်ငန်း၊ အဖိုလိုင်း အမလိုင်းဝတ်မှုန်ကူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏာသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ရွာမကျေးရွာနှင့် ဇီးပြုကုန်းကျေးရွာတို့၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုတို့ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏာသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ အုန်းတောကျောင်းတိုက်မှောရုံ၌ ရပ်မိရပ်ဖများအား တွေ့ဆုံကာ မြစ်မ်းရောင်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာလူထုအချင်းချင်း တစ်ဦးကိုတစ်ဦး အပြန်အလှန်လေးစားချစ်ခင်မှု၊ တစ်ဦးက တစ်ဦးအပေါ် မိသားစုစိတ်ဓာတ်ဖြင့် အပြန်အလှန် ရိုင်းပင်းကူညီစောင့်ရှောက်မှုများဖြင့် မိမိတို့ကျေးရွာ တစ်ခုချင်းမှသည် တစ်မြို့နယ်လုံး တစ်နိုင်ငံလုံး အရှိန်အဟုန်မြင့်မားစွာ တိုးတက်နိုင်ရေး ကြိုးစားလုပ်ကိုင်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ တူရင်မြို့ CNH စက်မှုလုပ်ငန်းစုသို့ သွားရောက်လေ့လာစဉ်။ (သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

နေပြည်တော်တွင် ဖွင့်လှစ်မည့် အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းကျောင်း သင်တန်းသားများ ခေါ်ယူ

နေပြည်တော် အောက်တိုဘာ ၁၉

လူ့စွမ်းအားအရင်းအမြစ်များစွာ မွေးထုတ်ပေးရန်နှင့် ခေတ်မီစီးပွားရေးပညာရပ်များ၊ စီမံခန့်ခွဲမှုသဘောတရားနှင့် နည်းပညာများ၊ ကျွမ်းကျင်မှုများနှင့် အလေ့အကျင့်များကို နိုင်ငံတကာအဆင့်အတန်းမီ ပျိုးထောင်မွေးထုတ်ပေးမည့် သင်တန်းအစီအစဉ်များ လိုအပ်လျက်ရှိသည်။ အထူးသဖြင့် ဝန်ထမ်းများ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များသည် ကောင်းမွန်သော အစိုးရ Good Governance အတွက် မျှားစွာအထောက်အပံ့ဖြစ်စေပြီး ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသော နိုင်ငံ့ဝန်ထမ်းများအတွက် Capacity Building သည် အထူးလိုအပ်သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တာဝန်ယူ၍ ဖွင့်လှစ်မည့် အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းကျောင်း (Graduate School of Administration and Development GSAD) တွင် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဘွဲ့လွန်သင်တန်းများကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် နေပြည်တော်တွင် ဖွင့်လှစ်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးမူဝါဒများရေးဆွဲ အကောင်အထည်ဖော်နိုင်သည့် ပညာရှင်များ မွေးထုတ်နိုင်ရေး ဦးတည်ချက်ဖြင့် ပြည်သူ့ရေးရာမူဝါဒနှင့် စီမံခန့်ခွဲမှု မဟာဘွဲ့ (Master of Public Policy and Administration MPPA)၊ ဖွံ့ဖြိုးမှုလက်တွေ့ပညာမဟာဘွဲ့ (Master of Development Practice) နှင့် ဖွံ့ဖြိုးမှုစီမံကိန်းပညာမဟာဘွဲ့ (Master of Development Planning) သင်တန်းများကိုပါ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်းများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်နိုင်ကြရန် ရည်ရွယ်၍ နေပြည်တော်တွင် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

သင်တန်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဦးသန်းဇော် ညွှန်ကြားရေးမှူး ဖုန်း-၀၆၇- ၄၀၇၆၂၁၊ ၀၉-၄၂၀၇၀၁၀၆၀၊ ဒေါ်သီတာမြင့် ညွှန်ကြားရေးမှူး ဖုန်း-၀၆၇- ၄၀၇၅၇၄၊ ၀၉-၈၃၀၃၁၂၅ တို့ထံသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှ ယူ -၁၉ ပြိုင်ပွဲ ဆီမီးပွဲစဉ်များ ယနေ့ယှဉ်ပြိုင်ကစားမည်

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် ပထမပွဲအဖြစ် ဥဇဘတ်ကစ္စတန်အသင်းနှင့်မြောက်ကိုရီးယားအသင်း၊ ည ၇ နာရီတွင် ဒုတိယပွဲအဖြစ် အိမ်ရှင်မြန်မာအသင်းနှင့် ကာတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းမှာ ကွာတားဖိုင်နယ်အဆင့်တွင် နာမည်ကြီး ယူအေအီးအသင်းကို ကျော်ဖြတ်ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိကာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ယှဉ်ပြိုင်ခွင့် ရရှိထားပြီးဖြစ်သည့် မြန်မာအသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းကပင် အောင်မြင်မှုတစ်ခုဖြစ်ပြီး ယခုပြိုင်ပွဲမှာ အာရှအဆင့်ပြိုင်ပွဲဖြစ်သောကြောင့် ဗိုလ်လုပွဲတက်ရောက်ရေးမှာ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ အသင်းနှင့် တွေ့ဆုံနေသည့် ကာတာ အသင်းမှာ အာရှထိပ်သီးအသင်း တစ်သင်းဖြစ်ပြီး ကစားပုံမာကျောကာ လျင်မြန်မှု ဦးစားပေးကစားသည့် အသင်းဖြစ်သည်။ မြန်မာအသင်း သတိထားရမည့် ကစားသမားတစ်ဦးမှာ တောင်ပံကစားသမားအယ်လ်ဆာဒီဖြစ်ပြီး ယခုပြိုင်ပွဲတွင် လေးပွဲ၌ ၈ဂိုးဂိုးသွင်းယူထားသည့် ကစားသမားတစ်ဦးဖြစ်သည်။

အာရှလူငယ်ချန်ပီယံဆုကို ခုနစ်ကြိမ်အထိ ရယူထားနိုင်သည့် မြန်မာ ယူ-၁၉ အသင်းမှာ နှစ်ပေါင်း ၄၀ ကျော်အကြာတွင် ဆီမီးဖိုင်နယ်သို့ တစ်ကျော့ပြန် တက်ရောက်နိုင်ခဲ့ပြီး ကာတာအသင်းကို ကျော်ဖြတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဆီမီးဖိုင်နယ်ပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။ မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "မိမိတို့၏အလိုချင်ဆုံးဖြစ်သည့် ကမ္ဘာ့ဖလားဝင်ခွင့်ကို ရရှိထားပြီဖြစ်တာကြောင့် ဖိအားမရှိတော့ကြောင်း၊ သို့သော် ကြိုးမားသည့် အပိုဆုအဖြစ် ချန်ပီယံဆုရရှိရန်အထိ ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ကစားသမားများကို မဖြစ်မနေနိုင်ရမည်ဟု ဖိအားမပေးထားသော်လည်း အကောင်းဆုံးပုံစံနှင့် အကောင်းဆုံးရလဒ်ရရှိရန် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မြန်မာဘောလုံးပရိသတ်များ အနေဖြင့် တစ်ခဏက် လာရောက်အားပေးမည်ဟုယုံကြည်ကြောင်း၊ သို့သော်ထွက်ပေါ် လာသည့်ရလဒ်ကို လက်ခံပေးစေလိုကြောင်း၊ ယခုပြိုင်ပွဲမှာ အာရှအဆင့်ပြိုင်ပွဲဖြစ်၍ ပြိုင်ပွဲအဆင့်အတန်း၊ ပြိုင်ဘက်အနေအထားအပေါ် နားလည်ပေးစေလိုပါကြောင်း" ဖြင့် ပြောကြားခဲ့သည်။

သတင်း ညီမြတ်သော်တာ ဓာတ်ပုံ-စိုးညွန့်

ကာတာအသင်းနည်းပြ ဆန်းချက်က "ကမ္ဘာ့ဖလားဝင်ခွင့်ရထားသော်လည်း မိမိတို့၏ရည်မှန်းချက်များမပြီးဆုံးသေးကြောင်း၊ အသင်းကို ပြန်လည်ပြင်ဆင်ထားကြောင်း၊ မြန်မာအသင်းမှာ ကစားသမားကောင်းများဖြင့် ဖွဲ့စည်းထားပြီး အိမ်ရှင်အသင်း ဖြစ်သောကြောင့် ခက်ခက်ခဲခဲကစားရမည်ဖြစ်ကြောင်း၊ အိမ်ရှင်ပရိသတ်၏ ဖိအားမှာအနည်းငယ်ရိုက်ခတ်မှုရှိနိုင်ကြောင်း" ဖြင့် ပြောကြားခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ် ရှင်းပြစဉ်။

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(ပုဂံ) ပဉ္စမပွဲစဉ်၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပုဂံ အောက်တိုဘာ ၁၉

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်က အဓိကကူညီပံ့ပိုးပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေက ကြီးမှူး၍ ကျင်းပသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် (ပုဂံ)၏ နောက်ဆုံးနေ့ (၁၈)ကျင်းပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက်တွင် ညောင်ဦးခရိုင်ပုဂံမြို့ ပုဂံဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမှတ်တရလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင်ဦးကိုကိုလေးက ပေးအပ်ချီးမြှင့်၍ ပုဂံဂေါက်ကလပ် Operation Manager ဦးအောင်မြင့်က လက်ခံရယူသည်။

အပျော်တမ်း အမျိုးသား အမျိုးသမီး ပညာရှင်အဆင့်တို့၏နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က ပေးအပ်ချီးမြှင့်ပြီး ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က အပျော်တမ်းအဆင့်အမျိုးသမီးပြိုင်ပွဲ၌ တတိယခင်မာန္တယ်၊ ဒုတိယ မေဦးခိုင်၊ ပထမ ရရှိသည့် ယဉ်မေမျိုးတို့ကို ဆုများချီးမြှင့်သည်။

ထို့နောက် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေက တတိယ ဇော်ဇော်ထွန်း၊ ဒုတိယ လှိုင်မင်းထက်နှင့် ပထမရရှိသည့် သိန်းနိုင်စိုးတို့ကို ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဗိုလ်မှူးချုပ်တင်ဝင်း(ငြိမ်း)က ပညာရှင်အဆင့်ပြိုင်ပွဲတွင် တတိယ လှမျိုး (Mizuno)၊ ဒုတိယနိုင်နိုင်လင်း (နယူးစတား)၊ ပထမ ရရှိသည့် ဇော်ဇော်လတ်(HAN Golf Academy)တို့ကို ဆုများချီးမြှင့်၍ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေက ဆုကြေးငွေချက်လက်မှတ်ကို ပထမဆုရရှိသွားသော ဇော်ဇော်လတ်(HAN Golf Academy) ကို ပေးအပ်ချီးမြှင့်သည်။

ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ်အပြီးတွင် ပညာရှင်အဆင့်အတွက် Order of Merit ဆုရရှိမှုတွင် ဇော်ဇော်လတ်(HAN Golf Academy)ကပင် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိသည်။

ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်ကို မူလသတ်မှတ်ထားသော နေပြည်တော်ရှိ ရွှေ့ရပ်မြန်မာဂေါက်ကွင်းအစား နေပြည်တော်ဂေါက်ကွင်းသို့ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုးသော်ဇင်

ပြည်တွင်းသတင်း

ညောင်ရွှေမြို့နယ် အင်းလေးဒေသပတ်ဝန်းကျင်ရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၇ ရက် နံနက် ၆ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန် အနောက်ဘက်ကမ်းရှိ ကျေးပေါ်ခုံ ကျေးရွာရှိ ရေပြန်းရေထွက်မှ ကျေးပေါ်ခုံ၊ သာလေး၊ အင်းပေါ်ခုံနှင့် မိုင်းပျိုးကျေးရွာအုပ်စုများသို့ သန့်ရှင်းသော သောက်သုံးရေသွယ်တန်းပေးပို့နေသည့် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အကူအညီဖြင့် Terra People Association နှင့် အင်းလေးဒေသခံပြည်သူများနှင့်စုပေါင်း၍ ဆောက်လုပ်ထားသည့် ရေစုရေစစ်ကန်နှင့် ရေပိုက်သွယ်တန်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ကွင်းဆင်းအဖွဲ့သည် အင်းတိန်-ကျေးပေါ်ခုံ ကျေးရွာချင်းဆက် မြေသားလမ်းတစ်လျှောက် မြေသားလမ်းနှင့် တံတားများကို ကြည့်ရှုစစ်ဆေးပြီး ကျေးပေါ်ခုံ(မြောက်)ကျေးရွာသို့ ရောက်ရှိကာ ဒေသခံအင်းသူ အင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းတိန်ကျေးရွာသို့ရောက်ရှိပြီး ကျေးပေါ်ခုံ-အင်းတိန်ကျေးရွာ အုပ်စုများရှိ ကျေးရွာ ၂၀ မှ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာလိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များ၊ လျှပ်စစ်မီးရရှိရေး နည်းလမ်းများ၊ နားတောင်းကျကျေးရွာ သောက်သုံးရေလှောင်ကန် ရရှိရေး၊ အင်းတိုင်-မြေဖြူကျေးရွာချင်းဆက်လမ်းဖောက်လုပ်နိုင်ရေး၊ နားတောင်းကျ-ကျေးပေါ်ခုံ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နိုင်ရေး၊ တောင်ပို့ကြီးကျေးရွာအဝင်လမ်း ဖောက်လုပ်နိုင်ရေး၊ တောင်ခမောက်ကျေးရွာမိုးရေလှောင်ကန်ပြုလုပ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ကွင်းဆင်းအဖွဲ့သည် အင်းလေးကန်အနောက်ဘက်ကမ်းဒေသပေါင်းပိုင်းကျေးရွာသို့ရောက်ရှိပြီး လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းလေးကန်အတွင်းရှိ ကေလာကျေးရွာသို့ ရောက်ရှိပြီး ကေလာ၊ ငဖယ်ချောင်းနှင့် ရွာမကျေးရွာ အုပ်စုများမှ ကျေးရွာ ၂၇ ရွာရှိ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ညောင်ရွှေမြို့နယ် အင်းလေးကန် အရှေ့ဘက်ကမ်းဒေသရှိ နောင်ကျင်ကျေးရွာသို့ ရောက်ရှိပြီး အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံစဉ် ဒေသခံပြည်သူများအနေဖြင့် မိသားစုဘဝအသက်ရှင်သန် ရပ်တည်နိုင်ရေးအတွက် အစာအာဟာရသင့်တင့်မျှတစွာ စားသုံးရန်လိုအပ်သည့် အတွက် စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ မိသားစုအပိုဝင်ငွေရရှိပြီး မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူဖြစ်စေပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းအဖွဲ့သည် သာလေးတောင်၊ ကြာတော၊ ရေလည်၊ ဆည်ခေါင်းကျေးရွာများနှင့် ကျောက်တစ်လုံးကြီးမြို့များသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ကွင်းဆင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးလုပ်အားဒါနပြု

ဖြူး အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ဖြူးအရှေ့ ဖြူးချောင်းရေလှောင်တမံ စီမံကိန်းဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်ငြေး ဦးဆောင်သော ဆည်မြောင်းဝန်ထမ်းများ စုပေါင်း၍ ဖြူးမြို့နယ်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ ပရိဝုဏ် အတွင်း စုပေါင်းသန့်ရှင်းရေး လုပ်အားဒါနပြုပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်ကြသည်။

ယင်းသို့ လုပ်အားဒါနဆောင်ရွက်ကြရာတွင် ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သော အရာထမ်း၊ အမှုထမ်း၊ မြို့ပြစက်မှုဝန်ထမ်း စုစုပေါင်း ၁၁၀ တို့က ခုတင် ၁၀၀ ဆေးရုံဝင်းအတွင်းရှိ သစ်ပင်၊ ပေါင်းပင်၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်မြက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို လုပ်အားဒါနပြုလုပ်ကြကြောင်း သိရသည်။

ဖြူး-မြင့်ဦး

စာရေးဆရာကြီးများ၏ စာအုပ်ပေါင်းခြောက်ထောင်ကျော် WiFi ဖွင့်၍ အခမဲ့ ဖတ်ရှုနိုင်ရန် အနောက်ပိုင်းနည်းပညာတက္ကသိုလ်တွင် လက်တွေ့သရုပ်ပြသ

ရန်ကုန် အောက်တိုဘာ ၁၉

ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မား၍ အတွေးအခေါ် ဗဟုသုတမြင့်မားလာစေရန် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသော Public Digital Library Service စက်ဖြင့် WiFi ဖွင့်၍ နာမည်ကြီး စာရေးဆရာကြီး ခြောက်ထောင်ကျော်၏စာအုပ်ကို အခမဲ့ဖတ်ရှုနိုင်ရန် လှိုင်သာယာမြို့နယ် အနောက်ပိုင်းနည်းပညာတက္ကသိုလ်တွင် အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လက်တွေ့သရုပ်ပြသခဲ့ရာ တက္ကသိုလ်ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ဖမ်းယူကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ Public Digital Service စက်နှင့် အတားအဆီးမရှိသောမီတာ (Ega) အကွာအဝေးတွင် မိမိ၏ Phone, Teblet, Notebook ရှိ WiFi Swith ကို on ၍ moi- pdls, net အမည်ရှိ Hotspot များ Connect ပြုလုပ်ပြီး Connected ရရှိသွားပါက မိမိ၏ Web Broswer Address Bar တွင် http; // moi-pdls,net ကို ရိုက်ထည့်လျှင် Library page ပွင့်လာ၍ မိမိဖတ်ရှုလိုသော စာအုပ်အမျိုးအစားကို ဘယ်ဘက် Menu တွင်ရွေးချယ်ကာ အလိုရှိသော ရသစာအုပ်များကို ဖတ်ရှုနိုင်သောကြောင့် ထိုစက်ကိုနည်းပညာတက္ကသိုလ်ကျောင်းသားရေးရာဌာနနှင့် အင်ဂျင်နီယာဌာနကြားတွင် တပ်ဆင်အသုံးပြုထားပြီဖြစ်၍ မိမိ Phone တွင် Download ဆွဲကာ ဖတ်ရှုနိုင်ပြီဖြစ်သည်။

စာရေးဆရာကြီးများ၏ စာအုပ်ကောင်း၊ စာအုပ်ဟောင်း ရှားပါးခိုန်တွင် ကျောင်းသားများအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီး ဝန်ထမ်း ၃၈၆ ဦး၊ တက္ကသိုလ်ကျောင်းသား ၈၃၇၀ ရှိသော အနောက်ပိုင်းနည်းပညာတက္ကသိုလ်စာဖတ်ပရိသတ်အားလုံး ဖမ်းယူဖတ်ရှုနိုင်ကာ စာသင်ဆောင်အတွင်းမှလည်း WiFi ဖွင့်၍ လွှန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က စာအုပ်များကို ဖတ်ရှုလေ့လာခွင့်ရပြီဖြစ်ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

ထိုင်းနိုင်ငံစက်ဘီးစီးအဖွဲ့ ရှမ်းပြည်နယ်အတွင်း အပျော်တမ်းခရီးစဉ်အဖြစ် လည်ပတ်

တာချီလိတ် အောက်တိုဘာ ၁၉

Twin Caa Land Travels & Tours Co.,Ltd ၏ အစီအစဉ်ဖြင့် အပျော်တမ်းခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသားစက်ဘီးစီးအဖွဲ့ဝင် ၄၄ ဦးသည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ထိုင်း-မြန်မာ အမှတ်(၁) ချစ်ကြည်ရေးတံတားပေါ်မှ စတင်ကာ မန္တလေးသို့အပျော်စီးကိုယ်ပိုင်စက်ဘီး ၄၅ စီးဖြင့် ခရီးရှည်စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံအပျော်တမ်းစက်ဘီးစီးအဖွဲ့သည် အဖွဲ့ခေါင်းဆောင် Mr.Watchara Liwphongsawat နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (တာချီလိတ်ရုံးခွဲ) တာဝန်ခံ ဆက်သွယ်ရေးအရာရှိ ဦးသက်လင်း၊ ဧည့်လမ်းညွှန် ဒေါ်သက်သက်ဝေတို့ ဦးဆောင်၍ အောက်တိုဘာ ၁၈ ရက်က စက်ဘီးဖြင့် တာချီလိတ်-ကျိုင်းတုံ ၁၀၂ မိုင် အောက်တိုဘာ ၁၉ ရက်တွင် ကျိုင်းတုံ-မိုင်းပျဉ်း ၆၅ မိုင်၊ အောက်တိုဘာ ၂၀ ရက်တွင် မိုင်းပျဉ်း-ကွန်ဟိန်း ၇၅ မိုင်၊ အောက်တိုဘာ ၂၁ ရက်တွင် ကွန်ဟိန်း-နမ့်စန် ၆၇ မိုင်၊ အောက်တိုဘာ ၂၂ ရက်တွင် နမ့်စန်-တောင်ကြီး ၇၃ မိုင်၊အောက်တိုဘာ ၂၃ ရက်တွင် တောင်ကြီး-အင်းလေး ၂၈ မိုင်ကို စက်ဘီးဖြင့် လည်ပတ်ကာ အောက်တိုဘာ ၂၄ ရက်တွင် အင်းလေးမှ သီပေါသို့ မော်တော်ယာဉ်ဖြင့်ထွက်ခွာကာ သီပေါမြို့၌ နှစ်ရက်ရပ်နားပြီး စက်ဘီးဖြင့် လည်ပတ်မည်ဖြစ်သည်။

အောက်တိုဘာ ၂၇ ရက်တွင် သီပေါမြို့မှ ပြင်ဦးလွင်သို့ မီးရထားဖြင့် ဆက်လက်ထွက်ခွာပြီး စက်ဘီးစီးအဖွဲ့သည် အောက်တိုဘာ ၂၈ ရက်တွင် ပြင်ဦးလွင်မှ မန္တလေးသို့ စက်ဘီးဖြင့် လည်ပတ်ကာ အောက်တိုဘာ ၂၉ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

GOLDEN STAR ခရီးသွားလုပ်ငန်း
☆ကျိုက်ထီးရိုး၊ ချောင်းသာ(နေ့ဝင်)
☆ငွေဆောင်(ယောကြာ) ကားမျိုးစုံ ဝီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968

23 ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနဲ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။
မဆလာ (ဟင်းခတ်အမွှေးအကြိုင်)
အမှတ်(၁၃၀)၊ ဂါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၂ ၀၉၇၃၃၀၀၅၅၆၃၊ ၀၉၈၆၃၃၆၇၅၅ ၀၉၂၅၁၀၄၉၉၇၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန
မြစ်ကြီးနားလေဆိပ်ရုံး
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် မြစ်ကြီးနားလေဆိပ် အဆောက်အအုံပေ(၂၀၀×၈၀) အသစ်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်လိုသော ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အဆိုပါမြစ်ကြီးနားလေဆိပ်အဆောက်အအုံပေ(၂၀၀×၈၀) အသစ်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်လိုသော ကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် တင်ဒါအဆိုပြုလွှာများကို မန်နေဂျာ(လေဆိပ်)၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန၊ မြစ်ကြီးနားလေဆိပ်ရုံးတွင် ၂၀-၁၀-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၁၉-၁၁-၂၀၁၄ ရက် ၁၂၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်မှာ ၁၉-၁၁-၂၀၁၄ ရက် ၁၄:၀၀နာရီ ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မန်နေဂျာ(လေဆိပ်)၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန၊ မြစ်ကြီးနားလေဆိပ်ရုံး ဖုန်း-၀၇၄-၂၆၃၅၄၊ ၀၉-၂၀၃၀၄၇၃၊ ဝန်ကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
တင်ဒါခေါ်ယူရေးနှင့်တင်ဒါစီစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

ဖခင်အမည်မှန် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(I)မှ မောင်ညီဧယျာဖြိုးလွင်၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင် ၇/နတလ(နိုင်)၀၆၁၅၀၃ ဖြစ်ပါကြောင်း။ **ဦးစိုးလွင်**

တက္ကသိုလ်စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက် (မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးစေ့ားလမ်း
Ph: 202046,392048,256954
ဆရာအာသာ SUCCESS Language Academy
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ
BASIC ENGLISH SPEAKING
1 - 4:00 (Sat + Sun) 26 Oct
6 - 7:30 (Mon ~ Thurs) 29 Oct
9 - 12:00 (Sat + Sun) 9 Nov
1 - 2:30 (Mon ~ Thurs) 10 Nov
BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 22 Oct
1 - 4:00 (Sat + Sun) 26 Oct
7:30 - 9 (Mon ~ Thurs) 27 Oct
1 - 2:30 (Mon ~ Thurs) 29 Oct
1 - 4:00 (Sat + Sun) 1,23 Nov
7:30-10:30 (Sat + Sun) 9 Nov
BASIC GRAMMAR
7:30 - 9 (Mon ~ Thurs) 3 Nov
7:30-10:30 (Sat + Sun) 8 Nov
PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 3 Nov
10-11:30 (Mon ~ Thurs) 10 Nov
7:30 - 9 (Mon ~ Thurs) 17 Nov
1 - 4:00 (Sat + Sat) 23 Nov
INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 22 Oct
3:30 - 5 (Mon ~ Thurs) 10 Nov
VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 2 Nov
3:30 - 5 (Mon ~ Thurs) 10 Nov
BASIC WRITING
1 - 4:00 (Sat + Sun) 26 Oct
INTEMEDIATE WRITING
12 - 3:00 (Sat + Sun) 18 Oct
BASIC ENGLISH SPEAKING
12 - 3:00 (Sat + Sun) 8 Nov
7:30-10:30 (Sat + Sun) 9 Nov
10 - 11:30 (Mon ~ Thurs) 17 Nov
1 - 2:30 (Mon ~ Thurs) 24 Nov
PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 3 Nov
12 - 3:00 (Sat + Sun) 8 Nov
7:30-10:30 (Sat + Sun) 15 Nov
BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 2 Nov
1 - 2:30 (Mon ~ Thurs) 3,17 Nov
4:30-7:30 (Sat + Sun) 9 Nov
10-11:30 (Mon ~ Thurs) 10 Nov
6 - 7:30 (Mon ~ Thurs) 10 Nov
3:30 - 5 (Mon ~ Thurs) 17 Nov
INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 8 Nov
IELTS (Preparation)
1 - 4:30 (Sat + Sun) 25 Oct
7:30-9:30 (Mon ~ Thurs) 3 Nov
1 - 3:30 (Mon ~ Thurs) 17 Nov
IELTS Exam Practice
3:30 - 5 (Mon ~ Thurs) 10 Nov
IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 10 Nov
IELTS (Reading)
10 - 12:00 (Mon ~ Thurs) 18 Nov
IELTS (Writing)
7:30 - 9 (Mon ~ Thurs) 27 Oct

ကချင်နှင့်ရှမ်းပြည်နယ်အတွင်းဘက်စုံဖွံ့ဖြိုးရေးစီမံချက် ဆွစ်ဇာလန်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဆွစ်ဇာလန်ဖောင်ဒေးရှင်း (Swiss Foundation for Development Cooperation-SWISSAID) တို့အကြား ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ်များ ဖြင့် ကျေးလက်ဒေသ ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးစီမံချက်ကို SWISSAID ၏ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀၃၀၄၀၀ ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့အထိ သုံးနှစ်ကြာ ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(Memorandum of Understanding - MoU) အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့(၃၈/၂၀၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ခွင့်ပြုချက်ဖြင့် (၃. ၁. ၂၀၁၃)ရက်တွင် လက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်အတွင်း ဘက်ပေါင်းစုံဖွံ့ဖြိုးရေး စီမံချက်အနေဖြင့် ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မိုးကောင်း၊ မိုးမောက်၊ မန်စီ၊ ရွှေကူ၊ နောင်မွန်းမြို့နယ်များနှင့် ရှမ်းပြည်နယ် တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်းတယ၊ ကျိုင်းတုံ၊ လားရှိုး၊ ကွတ်ခိုင်မြို့နယ်တို့တွင် စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ဂျင်ဒါနှင့်အမျိုးသမီးဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံကိန်းဒေသများတွင် စီမံကိန်းနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာလူထုကို စွမ်းဆောင်ရည်မြှင့်သင်တန်းပေးခြင်း၊ ကိုယ့်အားကိုယ်ကိုးအဖွဲ့များ ဖွဲ့စည်းထူထောင်ပေးခြင်းနှင့် ၎င်းအဖွဲ့များမှ လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ဝင်ငွေတိုးပွားရရှိရေး လုပ်ငန်းများအတွက် လိုအပ်သည့် မတည်ငွေအား ထည့်ဝင်ပေးခြင်းဖြင့် လူထုအခြေပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဒေသခံပြည်သူများ၏ တက်ကြွစွာပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရန်ကုန်မြို့လယ် စဉ့်အိုးတန်းလမ်းဘေး ယာဉ်တိုက်မှုနှင့် ယာဉ်မီးလောင်မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၉ ရက် နံနက် ၄ နာရီခန့်က လသာမြို့နယ် ၃ရပ်ကွက် စဉ့်အိုးတန်း(အောက်လမ်း) လမ်းဘေးယာဉ်ရပ်နားရန် ရေးဆွဲထားသော မျဉ်းဝါတန်းအတွင်း ညအိပ်ရပ်နားထားသော ကိုယ်ပိုင်အိမ်စီးယာဉ်နှစ်စီးကို လမ်းအတွင်းဝင်ရောက်လာသော အနက်ရောင်ယာဉ်တစ်စီးကဝင်တိုက်သွားသည့် ဖြစ်ရပ်ဖြစ်ပွားခဲ့ရာ လမ်းဘေးရပ်ယာဉ်နှစ်စီး အနည်းပျက်စီးသွားကြောင်း ယင်းနေရာအနီးတွင် နေထိုင်သူအိမ်ရှင် အမျိုးသားတစ်ဦးက ဆိုသည်။

အောက်တိုဘာ ၁၈ ရက် ညနေ ၆နာရီခွဲက ကမ်းနားလမ်းမသစ်ကြီး အတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်လာသော Honda Fatz အမျိုးအစား အနက်ရောင် ယာဉ်နံပါတ်မပါ အိမ်စီးယာဉ်ငယ် မောင်းလာစဉ် စဉ့်အိုးတန်းကမ်းနားဝင်ပေါက်အရောက် ယာဉ်မှာ မီးခိုးများထွက်လာ၍ ကားရပ်ပြီးရေဖြင့် ငြိမ်းသတ်သော်လည်း မရဘဲ မီးတောက်ကြီးမားလာသဖြင့် ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း မကြာမီ မီးသတ်ယာဉ်နှစ်စီးရောက်ရှိလာပြီး ငြိမ်းသတ်ရကြောင်း၊ အဆိုပါယာဉ်ငယ်မှာ မီးလောင်မှုဖြစ်စဉ်ကြောင့် လုံးဝပျက်စီးသွားသည်ဟု အဆိုပါဖြစ်စဉ်ကို အစအဆုံးမြင်တွေ့ခဲ့ရသော ဒလမြို့မှ လသာမြို့အတွင်း အလုပ်လာဆင်းသော လူရွယ်အလုပ်သမားများက ဆိုသည်။

အောက်တိုဘာ ၁၈ ရက် နံနက် ၇ နာရီခွဲက ကြည့်မြင်တိုင် ကမ်းနားလမ်းပေါ် နတ်စင်လမ်းမရောက်မီ မြန်မာ့သစ်လုပ်ငန်း အမှတ်(၁) သစ်စက်အနီး ဆင်မလိုက်မှ မြို့တွင်းသို့ မောင်းနှင်လာသော ဆူဇုကီး ပစ်ကပ်အမျိုးအစား နီညိုရောင် 8E/--- မီးလောင်မှု ဖြစ်ပွားခဲ့ပြီး ယင်းညနေ ၆ နာရီဝန်းကျင်တွင်လည်း အလုံမြို့နယ် အလုံကမ်းနားလမ်း ထော်လီကွေ့ဓာတ်ဆီ ဆိုင်ရှေ့လမ်းလယ်တွင် စီးလုံးအင့်ဃားယာဉ်တစ်စီးနှင့်စည်ပင်သာယာအမှိုက်သိမ်းယာဉ်ငယ်တစ်စီးကိုတိုက်မှု ဖြစ်ပွားသည်ကို မြင်တွေ့ရသည်ဟု ကမ်းနားလမ်းမတစ်လျှောက် ပြေးဆွဲနေသော အင့်ဃားယာဉ်မောင်းတစ်ဦးက ဆိုသည်။

ခင်ဆိုင်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

လင်းရောင်ခြည်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်း

ပြည် အောက်တိုဘာ ၁၉

ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲလေးထပ်ကျောင်းဆရာတော် ဘဒ္ဒန္တသံဝရတည်ထောင်ဖွင့်လှစ်ခဲ့သော လင်းရောင်ခြည်စာကြည့်တိုက် အခွန်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းမှ စာအုပ်စာစောင်လှူဒါန်းပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက အသင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတိုက်နှင့်ယဉ်ကျေးမှုပြတိုက်အသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အတွင်းရေးမှူး ဦးဇင်သိန်းတို့က ငွေကျပ်ငါးသိန်းကျော်တန်ဖိုးရှိ သုတ၊ ရသ၊ စာအုပ်စာစောင်၊ မဂ္ဂဇင်း ၃၉၁ အုပ်ကို လှူဒါန်းခဲ့ရာ ပြည်မြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးရွှေဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

ကာသာ အောက်တိုဘာ ၁၉

ကာသာခရိုင် ပင်လည်ဘူးမြို့နယ် မြို့မရဲစခန်း၏ တောင်ဘက်မိုင် ၂၀ ခန့်အကွာ ကမ်းနီအုပ်စု အင်းဂါးကျေးရွာ၌ အမျိုးသမီးတစ်ဦးရေခပ်ရာမှ ရေတွင်းထဲပြုတ်ကျပြီး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပင်လည်ဘူး မြို့မရဲစခန်းမှူး ဒုရဲမှူး ကြည်ဦးသည်ရဲစခန်းတွင် စခန်းမှူး တာဝန်ဆောင်ရွက်နေစဉ် အောက်တိုဘာ ၁၆ ရက် ညနေ ၄ နာရီ၌ ကမ်းနီကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မြင့်က အင်းဂါးကျေးရွာတွင် အမျိုးသမီးငယ်တစ်ဦးမှ ရေတွင်းထဲပြုတ်ကျပြီးရေနစ်သေဆုံးကြောင်း သတင်းပေးပို့ချက်အရ သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရေတွင်းထဲပြုတ်ကျပြီးရေနစ်သေဆုံးသူမှာ ပင်လည်ဘူးမြို့နယ် အင်းဂါးကျေးရွာနေ မသိန်းမြ(၁၈ နှစ်)ဖြစ်ပြီး အင်းဂါးကျေးရွာ ရွာလယ်ပိုင်းရှိ ရေတွင်း၌ ရေခပ်နေစဉ် ရေတွင်းထဲပြုတ်ကျ၍ ရေနစ်သေဆုံးကြောင်း တွေ့ရှိရသည့်အပြင် ရေတွင်းထဲမှ သွပ်ရေပုံးတစ်ပုံးအရှည် ၁၂ ပေခန့်ရှိ နိုင်လွန်ကြိုးတစ်ချောင်း၊ မိန်းမစီးကော်ဖီနစ်တစ်ရန်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

ပြာမြို့ရှိ ကုန်ကူးသည်ကုန်စုံဆိုင်ကြီးတွင် ခိုးယူခံရ

ပြည် အောက်တိုဘာ ၁၉

ပြည်ခရိုင် ပြာမြို့ရှိ ကုန်ကူးသည်ကုန်စုံဆိုင်ကြီးတွင် ခိုးယူခံရ ပြီးနောက် ပြန်ရရှိခဲ့ကြောင်း ပြည်ခရိုင်ရဲတပ်ဖွဲ့ ရဲအုပ်ကြီး ကိုကိုမောင်ကို ပြောကြားခဲ့ပြီး ဖြစ်ပေါ်ခဲ့ရသော ဖြစ်ရပ်ကို ရှင်းလင်းပြောပြခဲ့ကြောင်း

ပြည်တွင်းသတင်းနှင့်ကြေငြာ

သက်တမ်းရင့်တမာပင် အိမ်အမိုးပေါ် ပြိုလဲ၊ မီးသတ်တပ်ဖွဲ့ မှကူညီဆောင်ရွက်ပေး

ရေစကြို အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး ရေစကြို မြို့တွင် အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်ညနေတွင် မိုးရွာသွန်းခဲ့ရာ အမှတ်(၂)ရပ်ကွက် တောင်သာဘုန်းတော်ကြီးကျောင်းဝိုင်းအနီး၌ လူလက်လေးဖက်စာခန့်ရှိ သက်တမ်းရင့် တမာပင်ကြီးသည် အမြစ်မှကျွတ်ကာ ဦးတင်ဖေ၏ နေအိမ်အမိုးပေါ်သို့ ကျရောက်သဖြင့် နေအိမ်ပျက်စီးသွားခဲ့သည်။

တမာပင်ကြီးသည် လူအများသွားလာရာလမ်းကိုဖြတ်ပြီး လဲကျနေ၍ အောက်တိုဘာ ၁၈ ရက် နံနက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးညီညီအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်သာရပ်ကွက် လူငယ်များ အတူစုပေါင်း၍ ခုတ်ထွင် ရှင်းလင်းခဲ့ရာ မွန်းတည့် ၁၂နာရီတွင် လူအများသွားလာနိုင်ပြီ ဖြစ်ကြောင်းသိရသည်။

ထို့အပြင် မီးသတ်တပ်ဖွဲ့ဝင်များသည် ဦးတင်ဖေမိသားစုများ လောလောဆယ် နေထိုင်ရန်တဲတစ်လုံးကိုလည်း ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

ဖေထွေး၊ရေစကြို

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၁၀-၂၀၁၄

ရွှေဈေးနှုန်း(အောင်သဟတ်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၇၃၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၁၈၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၇၃၅၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနှိုင်းများ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၉၄-၉၉၇
ဥရောပ	တစ်ယူရို	၁၃၄၀-၁၃၄၃
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၅
ထိုင်း	တစ်ဘတ်	၃၂.၅-၃၂.၇
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၂
တရုတ်	တစ်ယွမ်	၁၆၂-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၇

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

ပုဏ္ဏားကျွန်း၌ ဆောင်းသီးနံ့ မတ်ပဲမျိုးစေ့ပေးအပ်

ပုဏ္ဏားကျွန်း အောက်တိုဘာ ၁၉

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်းသီးနံ့ မတ်ပဲမျိုးစေ့ပေးအပ်ပွဲကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁နာရီက မြို့နယ် ဦးရာဇ်မင်္ဂလာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်စံသာက စီမံကိန်းသီးနှံဖြစ်၍ မတ်ပဲစိုက်ပျိုးရေး နည်းစနစ်များကို အထူးဂရုပြု စိုက်ပျိုးစေလိုကြောင်း၊ ကုန်ကျစရိတ် သက်သာစွာဖြင့် အလွယ်တကူ စိုက်ပျိုးနိုင်သော သီးနှံဖြစ်၍ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကျေးရွာအုပ်စု ၁၈ အုပ်စုကို စိုက်ပျိုးကော ၅၀၀ အတွက် မျိုးစေ့ တင်း ၂၅၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးတို့က ပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

သူ (ပုဏ္ဏားမြို့)

လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

PRO1 MYANMAR CO., LTD ၏
ဒုတိယမြောက် Branch ဖြစ်သည့် PRO1 Home Center
(Mandalay Branch) ကို
(၁၈.၁၀.၂၀၁၄)ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်
ယခုထက်ပိုမို တိုးတက်အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

FARMER PHOYARZAR GROUP OF COMPANIES

အန်ဖီးလ်ကွင်းမှာ ကြိုးကြာနီတို့ အခြေအနေကောင်းပါမလား

မိုးမြင့်လင်းလက်

ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်(၃)ကို အောက်တိုဘာ ၂၃ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ စိတ်ဝင်စားစရာကောင်းတဲ့ပွဲစဉ်က လီဗာပူးနဲ့ ရီးရဲမက်ဒရစ်တို့ ပွဲစဉ်ဖြစ်ပါတယ်။ အကောင်းဆုံးလူစာရင်းနဲ့ ပွဲထွက်လာကြမယ့် ဒီပွဲစဉ်ဟာ ပရိသတ်အကြိုက်ရသမျိုးစုံပေးပြီး အသုံးတော်ခံဦးမှာ ဖြစ်ပါတယ်။

လီဗာပူးနှင့် ရီးရဲမက်ဒရစ်

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ လီဗာပူးတို့ နှစ်ကျော့စလုံး အနိုင်ယူခြင်းခံထားရတဲ့ အကြွေးကို အခုပွဲမှာ ရီးရဲမက်ဒရစ်တို့ ပြန်ဆပ်နိုင်မလားဆိုတာ ရင်ခုန်စရာပါပဲ။ ဝိုးသွင်းခြေမြှားနေတဲ့ စီရော်နယ်ဒို ဦးဆောင်တဲ့ တိုက်စစ်မှူးတွေဟာ အန်ဖီးလ်ကွင်းမှာ လီဗာပူးခံစစ်ကို ဘယ်လိုကျော်လွှားမလဲဆိုတာလည်း စောင့်ကြည့်ချင်စရာကောင်းနေပါတယ်။ ခြေစွမ်းမတည်ငြိမ်တဲ့ လီဗာပူးရဲ့လက်ရှိအနေအထား မှာ ဒဏ်ရာရကစားသမားတွေလည်း ရှိနေတာမို့ ဧည့်သည်တို့ရဲ့ အနိုင်ရလဒ်ပုံဖော်မှုကို ကြိုးကြာနီတို့ ခွင့်ပြုရမယ့် အနေအထားရှိပါတယ်။

အက်သလက်တီကိုနှင့် မယ်လ်မို

နေရာလိုက်ကစားသမားကောင်းတွေရှိနေတဲ့ အက်သလက်တီကိုအတွက်တော့ မယ်လ်မိုဟာ ပြိုင်ဘက်ကောင်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဆွီဒင်ကလပ် မယ်လ်မိုဟာ ဆွီဒင်လိဂ်မှာတော့ ၂၇ ပွဲကစားပြီးချိန်မှာ တန်းစီဇယားထိပ်ဆုံးမှာရပ်တည်နေတာမို့ အက်သလက်တီကိုတို့ လျှော့တွက်ရင်မှားပါလိမ့်မယ်။ အလေးအနက်ကစားမှ အိမ်ရှင်တို့ အမှတ်ရမယ့်ပွဲဖြစ်ပါတယ်။

အိုလံပီယာကို့စ်နှင့် ဂျူဗင်တပ်စ်

ဂရိကလပ်အိုလံပီယာကို့စ်ဟာ ဂျူဗင်တပ်စ်ကို အိမ်ကွင်းမှာ လက်ခံကစားရပေမယ့် အမှတ်ရဖို့တောင်မလွယ်ပါဘူး။ စီးရီးအေမှာ ဒီနှစ် သရေပွဲ၊ ရှုံးပွဲမရှိသေးတဲ့ ဂျူဗင်တပ်စ်ဟာ ခြေစွမ်းထက်မြက်နေတာမို့ အခုပွဲအဝေးကွင်းမှာကစားရမှာဖြစ်ပေမယ့် ရလဒ်ကောင်းပိုင်ဆိုင်နိုင်ဖို့ အခွင့်အရေးရှိနေပါတယ်။

ဂါလာတာစာရေးနှင့် ဒေါ့မွန်

ချန်ပီယံလိဂ်အုပ်စု (D)မှာ ဒေါ့မွန်တို့ နှစ်ပွဲကစားပြီးချိန် ခြောက်မှတ်ရပြီး ထိပ်ဆုံးမှာရပ်တည်နေပါတယ်။ ဂါလာတာစာရေးတို့က နှစ်ပွဲကစား၊ တစ်မှတ်သာရရှိထားတာမို့ ဒီပွဲမှာအားထည့်ဖို့ ရှိနေပါတယ်။ ဒါပေမယ့် ဒေါ့မွန်ရဲ့ တိုက်စစ်၊ ခံစစ်တွေက ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ အကောင်းဆုံးအနေအထားရှိနေတာမို့ ဧည့်သည်ကို ရွေးချယ်ရမှာဖြစ်ပါတယ်။

မိုနာကိုနှင့် ဘင်ဖီကာ

ပြင်သစ်ကလပ် မိုနာကိုဟာ လီဂူး-၁မှာတော့ ရှုံးပွဲတွေများနေပါတယ်။ ပေါ်တူဂီကလပ် ဘင်ဖီကာတို့ကတော့ နိုင်ပွဲတွေဆက်တိုက်ရရှိနေတာမို့ ဒီပွဲမှာ ဧည့်သည်တို့ရဲ့စွမ်းဆောင်မှုတွေသာ ရလဒ်ကိုပုံဖော်ပါလိမ့်မယ်။

လေဗာကူဆင်နှင့် ဇင်းနစ်

ဘွန်ဒက်စ်လီဂါမှာ ပုံမှန်ခြေစွမ်းရနေတဲ့ လေဗာကူဆင်ဟာ ရုရှားလိဂ်မှာ ခြေစွာနေတဲ့ ဇင်းနစ်ကို ပွဲကျပ်အဖြစ် လက်ခံကစားရပါလိမ့်မယ်။ ဒါပေမယ့် သရေပွဲဆက်တိုက်ကြုံတွေ့နေတဲ့ ဇင်းနစ်ဟာ အဝေးကွင်းမှာ အမှတ်ပြည့်ရဖို့ မလွယ်ပါဘူး။ ။

ဆောက်သမ်တန် ဂိုးစံချိန်တင်သွင်းယူ

စနေနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ဆောက်သမ်တန်အသင်းက ဆန်းဒါးလန်းကို ရှစ်ဂိုးပြတ်ဖြင့်အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲသည် ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသည့် နှစ်ဂိုးကြောင့် အထူးခြားဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့သည်။ ဆန်းဒါးလန်းမျ ဆန်တီယာဂိုနီက ၁၂ မိနစ်နှင့် ၆၃ မိနစ်တွင် ဘရစ်ကပ်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိကြသည်။

ဆောက်သမ်တန်မှ ပယ်လီက နှစ်ဂိုး၊ ဂျက်ကော့ဖ်၊ တာဒစ်၊ ဝမ်မာယာနှင့် မာနီတို့က တစ်ဂိုးစီသွင်းယူခဲ့သည့်အတွက် ဆောက်သမ်တန်က ဆန်းဒါးလန်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အဆိုပါပွဲရှုံးနိမ့်မှုမှာ ၃၂ နှစ်တာအတွင်း ဆန်းဒါးလန်းတို့ ဂိုးအများဆုံးဖြင့် ရှုံးနိမ့်မှုဖြစ်ခဲ့ရသည်။

ဂျူဗင်တပ်စ်၏ ၁၃ ပွဲမြောက်နိုင်ပွဲရရှိရေး ဆက်ဆူအိုလိုနှင့်အဆုံးသတ်

အီတလီစီးရီးအေပြိုင်ပွဲအဖြစ် ဆက်ဆူအိုလိုနှင့် ဂျူဗင်တပ်စ်တို့ အောက်တိုဘာ ၁၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ အမှတ်ပေးဇယားကို ဦးဆောင်နေသော ဂျူဗင်တပ်စ်က ၁၃ ပွဲမြောက် အနိုင်ရရှိရန် မျှော်လင့်ထားခဲ့သည်။ သို့သော်လည်း ဇယားအောက်ခြေအသင်း ဆက်ဆူအိုလိုက ပွဲစပြီး ၁၃ မိနစ်အကြာ ဇာဇာ၏ သွင်းဂိုးဖြင့် ဦးဆောင်ကစားခဲ့၍ ဂျူဗင်တပ်စ်တို့နောက်မှ လိုက်ကာချေပခဲ့ရသည်။ ၁၉ မိနစ်တွင် ပေါ်ဘာက ဂျူဗင်တပ်စ်အတွက် ချေပဂိုးသွင်းယူခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

မဂ်လာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေဦးလှဝင်း+ဒေါ်အေးအေးခိုင်(ကောင်းရသာဝရှတ်ပွဲရုံနှင့်အမှုန့်အမျိုးမျိုးကြိတ်ခွဲဖြန့်ဖြူးရောင်းဝယ်ရေး) တို့၏သားကြီး

ဗိုလ်ကြီး မျိုးကိုကိုဝင်း

M.B.B.S(DSMA)

နှင့်

နေပြည်တော်နေ ဗိုလ်ချုပ် အောင်ရဲဝင်း+ဒေါ်နွယ်နွယ်ဦးတို့၏တစ်ဦးတည်းသောသမီး

မပန်းနွယ်ဝင်း

B.E(Information Technology)

တို့၏ ၁၈-၁၀-၂၀၁၄ရက်(စနေနေ့)တွင် Sedona Hotel(Grand Ball room) ၌ကျင်းပသော မဂ်လာဧည့်ခံပွဲတွင် ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ပွဲရုံလုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းရှင်များအားလည်းကောင်း၊ မဂ်လာအောင်စံပယ် ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသောဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့် အားလည်းကောင်း၊ မဂ်လာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် ဇနီး ဒေါ်ခင်ခင်မင်း အားလည်းကောင်း၊ ၁၆-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ဓမ္မစေတီရွှေကျောင်း၌ ကျင်းပပြုလုပ်ခဲ့သော မဂ်လာမော်ကွန်းတင်လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး အားလည်းကောင်း၊ မဂ်လာအခမ်းအနားများတွင် အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ပေးပါသော မောင်ထွန်းမင်း၊ ဦးကျော်စိုးဦး၊ ကိုစိန်လင်းနှင့် မတင်မိုးလွင်တို့အားလည်းကောင်း၊ မဂ်လာအခါတော်တေး သီဆိုပေးပါသော အကယ်ဒမီမျှားရှင် ဒေါ်ချိုပြုံး၊ မဂ်လာတေးသံသာများနှင့် တီးခတ်ပေးပါသော အလက်ဘဝတ်ရည်နှင့် ဝတ်မှုန်တေးဂီတအဖွဲ့တို့အားလည်းကောင်း၊ မဂ်လာပန်းကြေးပေါသော နန်းခင်ဇေယျာ၊ မဂ်လာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော နန်းသူဇာ၊ မဂ်လာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော နန်းမြတ်ဖြိုးသင်း၊ မဂ်လာသတို့သားအရံများဖြစ်သော ဗိုလ်ကြီးဇော်လင်းမောင်နှင့် ဗိုလ်ကြီး သူရိန်ဦး၊ မဂ်လာသတို့သမီးအရံများဖြစ်သော မဆုဝေလင်းနှင့် ဆုမွန်ရည်အေးတို့အားလည်းကောင်း၊ မဂ်လာပန်းအလှဆင်ပေးပါသော Aroma (Zulu Studio) နှင့် Royal Silk တို့အားလည်းကောင်း၊ သတို့သမီး မဂ်လာဝတ်စုံဖန်တီးချုပ်လုပ်ပေးပါသော သီတဂူ(သစ်ခွဲခြံ)နှင့် ဆံပင်၊ မိတ်ကပ်အလှဆင်ယင်ပေးပါသော လင်းလင်း(Artist) နှင့်အဖွဲ့၊ မေတ္တာဖြင့် Pre Wedding Photos ရိုက်ကူးပေးခြင်းနှင့် မဂ်လာညစာစားပွဲဝတ်စုံ လက်ဖွဲ့ပေးပါသော Aroma (Zulu Studio) မှ ကိုအောင်မြတ်သူနှင့် ကိုစိန်လင်းတို့အားလည်းကောင်း၊ မဂ်လာ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဦးအောင်ဇေယျာလွင်နှင့် ဒေါ်ကလျာပြည့်ဝေသျှန်(ပြည့်ဝေသျှန်ရတနာဆိုင်)အား လည်းကောင်း၊ အနုပညာရှင်များနှင့်အတူ ပါဝင်ကူညီပေးပါသော ကိုဝေမင်းမောင် Media 7၊ မဂ်လာမှတ်တမ်းတင် ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော Aroma(Zulu Studio) နှင့် မြဝတီရုပ်မြင်သံကြားအဖွဲ့သားများအားလည်းကောင်း၊ LED၊ Lighting နှင့် Stage Effect များပြုလုပ်ပေးပါသော 17 Stars LED၊ S.B.S(Lighting)နှင့်Royal Myanmar(Effect)တို့အား လည်းကောင်း၊ မဂ်လာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon Printing & Invitation အားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မဂ်လာလက်ဖွဲ့များပေးပို့ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မဂ်လာစားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မှမန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်လျှိုက်လဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်

ဗိုလ်ကြီး မျိုးကိုကိုဝင်း + မပန်းနွယ်ဝင်း

နိုင်ငံတကာဒေါလာနှုန်း

ဥရောပပြည်တွင်းလိဂ် ပွဲစဉ်များ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၈) — **အောက်တိုဘာ ၂၁**

ဝက်စ်ဘရွန်း	-	မန်ယူ	နံနက် ၁း၃၀

အီတလီစီးရီးအေ ပွဲစဉ်(၇) — **အောက်တိုဘာ ၂၁**

ဂျီနိုအာ	-	အမ်ပိုလီ	နံနက် ၁း၁၅

စပိန်လာလီဂါ ပွဲစဉ်(၈) — **အောက်တိုဘာ ၂၁**

ဆိုစီဒက်	-	ဂီတာဖေ	နံနက် ၁း၁၅

အောက်တိုဘာ ၁၈/၁၉ ဂိုးရလဒ်များ

အာဆင်နယ်	၂-၂	ဟားလ်စီးတီး
ဘန်လေ	၁-၃	ဝက်စ်ဟမ်း
ပဲလေ့စ်	၁-၂	ချယ်လ်ဆီး
အဲဗာတန်	၃-၀	အက်စ်တွန်ဗီလာ
နယူးကာဆယ်	၁-၀	လက်စတာ
ကာဒစ်	၂-၁	နော်တင်ဟမ်
ရက်ဖီးဝမ်းနက်စ်ဒေး	၀-၃	ဝက်ဖို့ဒ်
ဘုန်းမောက်	၁-၀	ချာလ်တန်
ဖူလ်ဟမ်	၁-၀	နော့ဂ္ဂစ်ချ်
ဘာမင်ဂမ်	၀-၁	ဘော်လ်တန်
ရီးဒင်း	၀-၃	ဒါဘီ
ဘရိုက်တန်	၁-၂	မစ်ဒယ်ဘရော
မီဝေါလ်	၃-၃	ဝုလ်ဗာဟမ်တန်
ဝီဂန်	၀-၀	ဘရန့်ဖို့ဒ်
ဟက်ဒါဖီးလ်	၄-၂	ဘလက်ပူးလ်
လော်ရီယန့်	၀-၁	စိန့်အက်တီယန်
လိုင်လီ	၁-၂	ဂူအင်ဂမ့်
မတ်ဇ်	၀-၀	ရန်းနက်စ်
မိုနာကို	၂-၀	အီဗီယန်
နန့်တက်စ်	၁-၁	ရိမ်းစ်
နိုက်စ်	၀-၁	ဘတ်စ်တီယာ
ရော်လ်ကေး	၂-၀	ဟာသာဘာလင်
ရိုးမား	၃-၀	ချီယေဗို
လီဗန်တေး	၀-၅	ရီးရဲမက်ဒရစ်
ဘီလ်ဘာအို	၁-၁	ဆယ်လ်တာဗီဂို
ဘာစီလိုနာ	၃-၀	အီဘာ
ကော်ဒိုဘာ	၁-၂	မာလာဂါ

သန်းဌေးနှင့်ရောင်းရင်းများ ၌ ကျိုက်ထီးရိုး+ချောင်းသာ(နေ့ခင့်)

✿ *တောင်ကြီး-မီးပုံး-ပျံပွ၊* အင်းလေး။ ပင်းတယ။ (၄) ရက်၊ လွှိုင်ကော်။ Nov-4/6
✿ ပုဂံ၊ ပုဗွာ၊ (၄) ရက်။ ✿ မန္တလေး။ ပြင်ဦးလွင်၊ စစ်ကိုင်း။ မုံရွာ (၄) ရက် အားလုံးပါ (၇/၁၀) ရက်။
✿ ထားဝယ်ရွှင်ကိုးရွှင်၊ မောင်းမကန်ကမ်းခြေ (၆) ရက်။ Nov-3
✿ ဇလွန်း၊ နေပြည်တော်၊ ပြည်၊ အကောက်တောင်၊ နဂါးရစ် (နေ့ချင်းပြန်) (စနေ/တနင်္ဂနွေ)။
✿ ဟော်လမြင်၊ ကျိုက္စမီ၊ ဓက်ဓဲ (ကျိုက်ထီးဝိုး)၊ နွားလတ္တီတောင် (၂/၃) ရက်။
✿ ဘီးလင်းမဲလ်ဆံတော်ရှင်၊ ကျိုက်ထီးဆောင်။ ကေလာသဆံတော်ရှင်၊ မြို့ဦး ပရဟိတကေဟာ (နေ့ချင်းပြန်)။
Oct - 17/24/31, Nov-3/4/6/7/114/21/28 ကြိုတင်လက်မှတ်ရောင်းပြီ။
အမှတ် (၄၄)၊ ဗျဒှာသာလမ်း (အထက်)၊ ပန်းဆိတန်းမြို့နယ်။Ph : 380141, 241863, 09 43043109, 09 73251422

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ချိပ်ပိတ်တင်ဒါ(၃/၂၀၁၄)

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဝတ္ထုကမြေအတွင်းရှိ ဈေးရုံဟောင်းဖျက်သိမ်းယူဆောင်ခွင့်လုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂ ရက် (တနင်္ဂနွေ) မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး ချိပ်ပိတ်တင်ဒါ ရွေးချယ်ရေးကော်မတီရုံးတည်ရှိရာ ဂေါပကအဖွဲ့ရုံးသို့ ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ချိပ်ပိတ်တင်ဒါ ရွေးချယ်ရေးကော်မတီရုံးတည်ရှိရာ ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါရွေးချယ်ရေးကော်မတီ
ဂေါပကအဖွဲ့ရုံး
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ချိပ်ပိတ်တင်ဒါ(၄/၂၀၁၄)

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဝတ္ထုကမြေအတွင်းရှိ ဈေးရုံဟောင်းမြေနေရာပေါ်တွင် အလျားပေ၁၄၀၊ အနံပေ ၈၀ဧရိယာအတွင်း တစ်ထပ်ဘုရားဈေးရုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းများလုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး ချိပ်ပိတ်တင်ဒါ ရွေးချယ်ရေးကော်မတီရုံးတည်ရှိရာ ဂေါပကအဖွဲ့ရုံးသို့ ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ချိပ်ပိတ်တင်ဒါတင်သွင်းရာ၌ အဆိုပြုပုံစံ အပြည့်အစုံနှင့် ကုန်ကျစရိတ် (ပစ္စည်းဖိုး+ လက်ခ)ပါ တင်သွင်းရမည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ချိပ်ပိတ်တင်ဒါ ရွေးချယ်ရေးကော်မတီရုံး တည်ရှိရာ ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါရွေးချယ်ရေးကော်မတီ
ဂေါပကအဖွဲ့ရုံး
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄

ကြော်ငြာ

ပရိုမိုးရှင်းကာလမှာ အောက်တိုဘာ (၁၆) ရက်မှ
နိုဝင်ဘာ (၁၆) ရက်ထိ ဖြစ်ပါသည်
SAMSUNG
ဆိုဒီးဖြိုင်ဖြိုင်
တန်ဆောင်တိုင်
အထူးဈေးနှုန်း
540,000/-
Samsung
GALAXY S 5
ဝယ်ယူသူတိုင်းအတွက်
Top-Up
30000
MPT ငွေဖြည့်ကတ် ၃ သောင်းဖိုးလက်ဆောင်
(Samsung Brand Shop များတွင်သာ)
Free Gift
16GB
Lifetime Warranty ပေးအပ်ထားသော
MicroSD Card 16GB တစ်ကတ် လက်ဆောင်
Samsung
GALAXY GRAND Neo
Samsung
GALAXY CORE 2
Samsung
GALAXY S DUOS 2
Samsung
DUOS
ဈေးနှုန်းချိုသာ၍ ဂျီအက်စ်အမ် ဆင်းမ်ကတ် နှစ်ခုထည့်သွင်းအသုံးပြုနိုင်သောစမတ်ဖုန်းများ
မြန်မာတစ်နိုင်ငံလုံးရှိ Samsung Brand Shop များနဲ့ တရားဝင်အရောင်းကိုယ်စားလှယ်ဆိုင်များမှာ တပြေးညီရရှိနိုင်ပါပြီ။
အသေးစိတ် အချက်အလက်များကို Samsung Customer Contact Centre 01-2399 888 (သို့) www.facebook.com/samsungmyanmar သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်တွင်းသတင်းနှင့် ကြေငြာ

မန္တလေးမြို့တွင် ယာဉ်စီးရေများပြားလာသော်လည်း ယာဉ်မတော်တဆမှုများလျော့နည်းကျဆင်းလာ

မန္တလေး အောက်တိုဘာ ၁၉

မန္တလေးမြို့တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ယာဉ်အသုံးပြုသူများပြားလာသည့်အတွက် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန် မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်မှုများကို သိရှိနိုင်စေရေးအတွက် အမှတ်(၁၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးသိန်းကိုကိုနှင့် သွားရောက် တွေ့ဆုံမေးမြန်းမှုများကို ပြည်သူများသိရှိနိုင်စေရန် တင်ပြအပ်ပါသည်။

မေး။ ။ ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ လက်ရှိဆောင်ရွက်နေတာကတော့ ပညာပေးခြင်းနည်းစနစ်ကို ဦးစားပေး ဆောင်ရွက်နေပါတယ်။ ပြည်သူတွေ ယာဉ်စည်းကမ်းနဲ့ပတ်သက်လို့ အသိပညာဗဟုသုတတွေရရှိစေရန်ရည်ရွယ်ပြီး ဒီစနစ်ကိုဦးစားပေးဆောင်ရွက်တာပါ။ နောက်ပြီး ကြက်ခြေနီဆေးသေတ္တာပုံးတွေကို ယာဉ်ထိန်းရဲမီးပွိုင့်တွေမှာ ဆောင်ထားပေးပါတယ်။ ဒါကလည်းပြည်သူတွေ ထိခိုက်ဒဏ်ရာရရှိခဲ့ရင် အကူအညီပေးတဲ့အနေနဲ့ လုပ်ဆောင်ပေးထားတာဖြစ်ပါတယ်။ မန္တလေးမြို့တွင်း ယာဉ်၊ လမ်းရှင်းလင်းရေးအတွက် အချက်ပြမီးပွိုင့် ၃၂ နေရာ၊ လမ်းဆုံ လမ်းခွ ၁၉ နေရာ၊ ကျောင်းလမ်းရှင်း ၁၅ နေရာ စုစုပေါင်း ၆၆ နေရာမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၁၂ ဦးဖြင့် နေ့စဉ် တာဝန်ချထားပြီးရှင်းလင်းဆောင်ရွက်ပေးတဲ့အပြင် အချက်အချာကျတဲ့မီးပွိုင့် ၁၂ နေရာမှာ အသံချဲ့စက်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန်ရှောင်ရန်အချက်များကို အသိပေးပြောကြားခဲ့ပါတယ်။ အချက်ပြမီးပွိုင့် ၂၅ နေရာတွင် LED မီးဘုတ်ဖြင့် ယာဉ်စည်းကမ်းဆိုင်ရာအချက်များကို နေ့စဉ်ဖော်ပြပေးလျက်ရှိပါတယ်။

မေး။ ။ ယခုအချိန်မှာ ယာဉ်စည်းကမ်းလိုက်နာရေးအတွက် စစ်ဆေးအရေးယူခြင်းတွေကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ပြည်သူတွေသိအောင် ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ယာဉ်စည်းကမ်းလိုက်နာပြီး မောင်းနှင်ခြင်းဖြင့် အသက်အန္တရာယ်ကင်းဝေးစေမှာ ဖြစ်ပါတယ်။ ကိုယ်စီကိုယ်စီအသိတရား ရှိရှိလိုက်နာမယ်ဆိုရင် ဖမ်းဆီးအရေးယူစရာမရှိပါဘူး။ ဒီလို စစ်ဆေးအရေးယူခြင်းတွေကို မန္တလေးတိုင်းဒေသကြီး အစီးရအဖွဲ့ရဲ့ညွှန်ကြားချက်နဲ့အညီ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေး၊ ယာဉ်လိုင်းများကြီးကြပ်ရေးအဖွဲ့များ ပါဝင်တဲ့ပူးပေါင်းအဖွဲ့ ၃၁ ဖွဲ့နဲ့ မန္တလေးမြို့တွင်း ရပ်ကွက်၊ လမ်းပိုင်းများအလိုက် နံနက်၊ နေ့လယ်၊ ညနေနဲ့ ညပိုင်း အချိန်ပိုင်းအလိုက် စစ်ဆေးအရေးယူ ဆောင်ရွက်နေပါတယ်။ ဒီလိုစစ်ဆေးတဲ့အခါမှာလည်း အဓိကအချက်တွေဖြစ်တဲ့ သတ်မှတ်နံပါတ်ပြားပါရှိရမယ်။ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်ပါရမယ်။ ပြိုင်ကားတွေ Draft ဆွဲကွေ့မောင်းရင်၊ ဆိုင်ကယ်မိုးပေါ်ထောင် မောင်းရင်၊ အိတ်ဇောဖွင့်မောင်းတာတွေကိုပဲ အဓိကအရေးယူတာပါ။ ကျန်စည်းကမ်းချက်တွေကိုတော့ အရေးယူခြင်း

အမှတ်(၁၁)ယာဉ်ထိန်းရဲ
ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးသိန်းကိုကို

မရှိဘဲ ဖြေလျှော့ပညာပေးခြင်းကိုပဲ ဆောင်ရွက်တာပါ။ စစ်ဆေးအရေးယူမှုတွေအနေနဲ့ ၂၀၁၄ ဇန်နဝါရီမှ စက်တင်ဘာလအထိ စည်းကမ်းပျက်မော်တော်ယာဉ် ၅စုခုရှိ စီးအတွက် အမှုပေါင်း ၅၉၅၇ မှု၊ မော်တော်ဆိုင်ကယ် ၄၃၉၈၇ စီးအတွက် အမှုပေါင်း ၄၄၂၇၀ မှုဖမ်းဆီးရမိခဲ့ပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ အရ စည်ပင်သာယာတရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာမှာ တရားရုံးကဒဏ်ကြေးငွေအနည်းဆုံးငွေကျပ် ၁၀၀၀၀ မှ ၃၀၀၀၀၀ အထိ ဒဏ်ငွေ တပ်ရိုက်လျက်ရှိပါတယ်။

မေး။ ။ ယခုတလော ပြောနေကြတဲ့ ပြိုင်ကားတွေမောင်းနှင်နေမှုနဲ့ ပတ်သက်လို့ အရေးယူမှုအနေအထားလေးကိုလည်း ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ပြိုင်ကားတွေနဲ့ ပတ်သက်ပြီး ဥပဒေစည်းကမ်းနဲ့အညီ သွားလာခြင်းမရှိရင် အရေးယူပါတယ်။ ပြိုင်ကားတွေဟာ ကည်နမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ကားတွေဖြစ်ရမယ်။ ပြိုင်ကားရဲ့ သဘာဝအရ အိတ်ဇောသံနည်းနည်းကျယ်တယ်။ နည်းနည်းလေးမောင်းလိုက်ရုံနဲ့ ပတ်ဝန်းကျင် အထိတ်တလန့်ဖြစ်စေတော့ ဘေးကပိုင်းကြည့်ကြ ပြောကြဆိုကြပေါ့။ ဒါပေမယ့် မြို့တွင်းသတ်မှတ်တဲ့ မိုင်နှုန်းအတိုင်း မောင်းနှင်နေမယ်ဆိုရင် အရေးယူလို့မရပါဘူး။ အဲ့ဒီလိုမှ မဟုတ် ပြိုင်မောင်းမယ်၊ Draft ဆွဲကွေ့မယ်။ စည်းကမ်းမဲ့ပြီး အန္တရာယ်ဖြစ်လောက်အောင် မောင်းမယ်ဆိုရင် အရေးယူခံရမှာပါ။ အခုဆိုရင်လည်း ပြိုင်ကားတွေကို စီမံချက်ချမှတ်ပြီး လှည့်ကင်းကားတွေနဲ့ စစ်ဆေးပြီး စည်ပင်သာယာဥပဒေပုဒ်မ ၂၆ အရ အရေးယူဆောင်ရွက်နေပါပြီ။

မေး။ ။ အခုလိုဆောင်ရွက်မှုအပေါ်မှာ ဘယ်လိုအကျိုးတရားတွေ ရရှိခဲ့ပါသလဲခင်ဗျာ။

ဖြေ။ ။ မန္တလေးမြို့ဟာ ယခင်ကစက်ဘီးမြို့တော်ပေါ့။ ယခုတော့တိုးတက်ပြောင်းလဲလာတဲ့ ခေတ်အရ ဆိုင်ကယ်မြို့တော် ဖြစ်လာပါပြီ။ မန္တလေးမြို့ပေါ်မှာ ယာဉ်စီးရေ ၇၇၂၀၃၇ စီး ရှိနေပါတယ်။ အဲ့ဒီမှာ ပြန်ခွဲလိုက်ရင် ကားအစီးရေက ၁၀၈၁၃၈ စီးရှိလာပါတယ်။ ဆိုင်ကယ်အစီးရေက ၆၆၃၈၉၉ စီး၊ ကျွန်တော်တို့စာရင်းအရ ၂၀၁၃ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာအထိ ယာဉ်မတော်တဆဖြစ်ပွားမှု ၂၉၅ မှုရှိခဲ့ပြီး သေဆုံးသူ ၁၃၅ ဦးနှင့်ဒဏ်ရာရသူ ၃၉၄ ဦးရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလအထိ ယာဉ်မတော်တဆမှု ၃၀၉ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၃၆ ဦးနဲ့ ဒဏ်ရာရသူ ၃၅၁ ဦး သာရှိခဲ့ပါတယ်။ ယာဉ်စီးရေနဲ့ ဖြစ်ပွားမှုရာခိုင်နှုန်းနှိုင်းယှဉ်တွက်ချက်ကြည့်ပါက ၂၀၁၃ ခုနှစ်မှာ ဒဿမ ၀၅ ရာခိုင်နှုန်းဖြစ်ပွားပြီး ၂၀၁၄ ခုနှစ်မှာတော့ ဒဿမ ၀၄ ရာခိုင်နှုန်းသာဖြစ်တဲ့အတွက် လျော့နည်းကျဆင်းတယ်လို့ ပြောနိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးစနစ်ဆောင်ရွက်မှုတွေဟာ အောင်မြင်အကျိုးဖြစ်ထွန်းတယ်လို့ ပြောလို့ရပါတယ်။ ယာဉ်မတော်တဆမှုတွေရဲ့ ၇၅ ရာခိုင်နှုန်းက မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားမှုတွေ များနေပြီး ဖြစ်စဉ်တွေကို စီစစ်လိုက်တဲ့အခါ ညပိုင်း ၆ နာရီမှ ၁၂ နာရီအတွင်း အများဆုံးဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။ ဒီလိုဖြစ်နေတာကလည်း ညဘက်မူးယစ်ရမ်းကားပြီး မောင်းနှင်လို့ဖြစ်တာပါ။ ဒါ့ကြောင့် ကျွန်တော်တို့ဟာညပိုင်းကို ဦးစားပေးပြီးစစ်ဆေးအရေးယူလျက်ရှိပါတယ်။

မေး။ ။ ယာဉ်လမ်းများ အခြေအနေနဲ့ တိုးချဲ့ထားတဲ့ မီးပွိုင့်အခြေအနေတွေကိုလည်းပြောပြပေးစေချင်ပါတယ်။

ဖြေ။ ။ မီးပွိုင့်တွေအများကြီးတိုးချဲ့ထားပါတယ်။ လက်ရှိမီးပွိုင့် ၃၇ နေရာတိုးချဲ့ပေးထားပြီး လမ်းအချက်ပြပွိုင့်က ၁၆ နေရာရှိပါတယ်။ နောက်ထပ်မီးပွိုင့်တွေ တိုးချဲ့တပ်ဆင်ဖို့၊ လမ်းညွှန်အမှတ်အသားများ တပ်ဆင်ဖို့နဲ့ လမ်းပိုင်းတွေ ချဲ့ထွင်ပြုပြင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ မန္တလေးပြည်သူတွေကို ရဲမှူးအနေနဲ့ ဘာများပြောချင်ပါသေးလဲခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့ရဲ့လုပ်ဆောင်ချက်တွေနဲ့ ရည်ရွယ်ချက်တွေကို နားလည်ပေးစေချင်ပါတယ်။ တကယ့်ကိုကိုယ့်ဆွေမျိုးတွေအပေါ်မှာ တာဝန်ဝတ္တရားအပြင် စေတနာနဲ့ပါ ပေါင်းစပ်ပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ အရင်ခေတ်တုန်းက မန္တလေးက သိပ်ချစ်စရာကောင်းတယ်ဗျ။ ပြည်သူတွေနဲ့ ကျွန်တော်တို့ ယာဉ်ထိန်းရဲတွေဟာ တစ်သားတည်းဖြစ်နေပြီး အပြန်အလှန်ချစ်ခင်လေးစားအားကိုးကြပါတယ်။ အဲ့ဒီကာလ အခြေအနေမျိုးလေး ပြန်ဖြစ်ချင်တယ်။ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားနေတယ်။ ယာဉ်ထိန်းနဲ့ ပြည်သူ အထင်အမြင်လွဲမှားမှုတွေကိုလည်း အတတ်နိုင်ဆုံး ချေဖျက်နေတယ်။ တပ်ဖွဲ့ဝင်တွေကိုလည်း တက်ညီလက်ညီ ပါဝင်ပေးကြပါလို့ စည်းရုံးနေပါတယ်။ အခုဆိုမြို့နဲ့ ယာဉ်ထိန်းရဲတော်တော်လေး သဟဇာတဖြစ်ပြီး ချစ်ခင်လာကြတဲ့ အနေအထားလေးတွေ တွေ့မြင်လာရတယ်။ ဆက်လက်ပြီးတော့လည်း အရင်တုန်းကလို အပြန်အလှန်ချစ်ခင်လေးစားအားကိုးလာအောင် ကြိုးစားသွားပါမယ်လို့ ပြောချင်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေမျိုးတွေဖြစ်ကြတဲ့ မန္တလေးသူ၊ မန္တလေးသားများ စည်းကမ်းလိုက်နာခြင်းဖြင့် ဘေးအန္တရာယ် ကင်းစွာပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေလို့ မေတ္တာပို့သလိုက်ပါရစေခင်ဗျာ။

ဟုတ်ကဲ့အခုလို မအားလပ်တဲ့ကြားက အချိန်ပေးပြီးဖြေကြားပေးတဲ့ ရဲမှူးကိုလည်း ကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။

မင်းထက်အောင်(မန်းကိုယ်ဟွား)

နမ့်မျှော်ချောင်းကူးတံတားတည်ဆောက်ရေး ပဏာမလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

သီပေါ အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မန်တန်းကျေးရွာအုပ်စုပြည်ထောင်စုလမ်း၊ မန်ဆန်း၊ ကုန်းညောင်လမ်း ပေ ၁၅၀ အရှည်ရှိ ငွေကျပ်၇၅ သန်း ကုန်ကျမည့် သစ်သားတံတား ဆောက်လုပ်ရန် မြို့နယ်ဦးစီးမှူး ဦးခိုင်ထွန်း (လက်ထောက်ညွှန်ကြားရေးမှူး)၊ လုပ်ငန်းတာဝန်ခံ ဒေါ်ရီရီဝန်း(ဦးစီးအရာရှိ) နည်းပညာ၊ ကျေးရွာလူကြီးများနှင့် တာဝန်ရှိသူများ အောက်တိုဘာ ၁၆ ရက်က ပဏာမလုပ်ငန်းအဖြစ် ကွင်းဆင်း ဆောင်ရွက်ကြသည်။

လက်ရှိအသုံးပြုလျက်ရှိသော ကြိုးတံတားမှာ လွန်ခဲ့သည့် နှစ် ၈၀ ကျော်က တည်ဆောက်ခဲ့သဖြင့် ဆွေးမြည့်ပျက်စီးနေ၍ ရပ်မိရပ်ဖများ၊ ကျေးရွာအထောက်အကူပြု ကော်မတီနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက တင်ပြ တောင်းခံခဲ့ခြင်းဖြစ်သည်။ အဆိုပါတံတားတည် ဆောက်ပြီးစီးပါက မန်ဆန်းကျေးရွာအုပ်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများ စပါး၊ သီးနှံပြောင်းနှင့် လိမ္မော်၊ ရှောက်ချိုသီးများကို မူဆယ်နှင့် တစ်ဖက်နိုင်ငံ သို့လည်းကောင်း၊ မန္တလေး၊ ရန်ကုန်၊ နေပြည် တော်စသည့် ပြည်မဒေသသို့လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ရောင်းဝယ်ဖောက်ကားနိုင်တော့မည်ဖြစ်၍ ဒေသခံများ ကျေးဇူးတင်ဝမ်းမြောက် ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၈၀၅၅ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်သန်း ၅/ကသန(နိုင်)၀၄၀၁၄၄ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၆၄၇ HIBIRD HB 90 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးစော်မင်း ၁/မည(နိုင်)၀၀၉၅၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)

ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ အထက (၁) တက္ကသိုလ်ဝင်တန်း(E)မှ မနီလာအေး၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းမောင် ၅/ကဘလ (နိုင်)၁၆၂၁၆ ဖြစ်ပါသည်။
ဦးငြိမ်းမောင်

ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ အထက (၁) တက္ကသိုလ်ဝင်တန်း(A)မှ မသဲနေအောင်၏ ဖခင် အမည်မှန်မှာ ဦးကျော်ကျော်မိုး ၅/ကဘလ(နိုင်)၁၅၆၅၃၈ ဖြစ်ပါသည်။
ဦးကျော်ကျော်မိုး

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၆၅၇ Win Myanmar CT II, P/U(4×2) RHD ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းမြတ်ထွေး ၁၂/ကမတ(နိုင်)၀၀၀၆၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့မြောက်ပိုင်း)

ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှ မောင်ဝေလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ရွှေမင်း ၅/ကဘလ(နိုင်)၁၆၂၆၉ ဖြစ်ပါသည်။
ဦးအောင်ရွှေမင်း

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ အကယ်ဒမီ ပညာမိမာန် ပုဂ္ဂလိက အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း၊မှ မမြင့်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဦးဖြစ်ပါသည်။
ဦးမောင်ဦး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၈၆၃/ခ၊ မြေကွက်တည်နေရာအမှတ် ၈၆၃/ခ၊ ၈၁၈ (၁၅)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးခင်လှိုင် အမည်ပေါက် နှစ် ၆၀ဝရန်မြေအား အမည်ပေါက်ဖခင်(ဦးခင်လှိုင်)၊ မိခင်(ဒေါ်သောင်းဟန်)တို့ ကွယ်လွန်သဖြင့် ဦးတင်စန်း ၁၂/ကမရ (နိုင်)၀၅၄၃၂၂ က တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၄၉/က၊ မြေကွက်တည်နေရာအမှတ် ၂၄၉/က၊ သီဂီ(၂)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ရင်ရင် အမည်ပေါက် နှစ် ၆၀ ဝရန်မြေအား အမည်ပေါက် ဒေါ်ရင်ရင် (ဇနီး)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ ဦးသန်းအောင် ၁၂/သကတ (နိုင်)၀၂၀၂၄၀က သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆/အက(ဖ)[6]၊ မြေကွက်အမှတ် V၁၂၊ မြေကွက် တည်နေရာအမှတ် ၉၄၊ သရက်တော ၂ လမ်း၊ သရက်တောတောင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် ဦးသောင်းလွင် (ခ) ဦးသောင်းအေး အမည်ပေါက် နှစ် ၆၀ ဝရန်မြေအား အမည်ပေါက် ဦးသောင်းလွင်(ခ)ဦးသောင်းအေး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်အုန်းရင် ၁/ကမတ(နိုင်)၀၃၈၄၉၉ မှ သေစာရင်း၊ ကျမ်းကျိန်လွှာအမှတ် ၉၁၄၀/၂၁-၈-၂၀၁၄ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြေပုံနှင့်အပိုင်ပေးမြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၁၅၅၂/က၊ မြေကွက်တည်နေရာအမှတ် ၁၅၅၂/ခ၊ ဇင်ယော်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးကျင်သိန်း (NTN-043596) အမည်ပေါက်ပါမစ်မြေအားအမည်ပေါက် ဦးကျင်သိန်းထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးပိုပို ၁/ဥကတ (နိုင်)၁၅၁၀၃၉၈ က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေဌားစာချုပ် ဂရန်သစ်လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၅၊ မြေကွက်အမှတ် ၁၅၅၂/ခ၊ မြေကွက်တည်နေရာအမှတ် ၁၅၅၂/ခ၊ (၁၄၅၅)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးကျင်သိန်း (NTN-043596) အမည်ပေါက်ပါမစ်မြေအားအမည်ပေါက် ဦးကျင်သိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်ဦးမေ ၁၂/သကတ (နိုင်)၁၂၇၂၈၈ မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပျဉ်းမနား၌ အခြေခံစက်ချုပ်သင်တန်း (၂/၂၀၁၄)ဖွင့်

ပျဉ်းမနား အောက်တိုဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေ ဒကွေ့ဏခရိုင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက် နံနက် ၉နာရီက အခြေခံစက်ချုပ်သင်တန်း (၂/၂၀၁၄)ကို ဖွင့်လှစ်သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ တွဲဖက်အတွင်းရေးမှူး (၂)ဒေါက်တာကျိုကျိုစန်းနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ ဒကွေ့ဏခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ပြီး အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမေစိုးဦးက အမှာစကားပြောကြား၍ ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်ငြိမ်အေးက စက်ချုပ်သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ တွဲဖက်အတွင်းရေးမှူး(၂)၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းကို သင်တန်းသူ ၂၀ တက်ရောက်၍ အောက်တိုဘာ ၁၇ ရက်မှစ၍ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ (၁၈၅)

၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်မာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၉

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိရာ အဆိုပါ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာစေရေးနှင့် အားကစားသည် ကျန်းမာရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတစ်ခု၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ သိက္ခာဖြစ်ကြောင်း၊ အားကစားမြင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်း၊ အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့်အခြေအနေ ဖော်ပြနေခြင်းဖြစ်ကြောင်းတို့ကို ပြည်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရေးနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်သူတစ်ရပ်လုံး ပိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် စည်းရုံးဆွဲဆောင်စေရေးတို့အတွက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ ခုနစ်မျက်နှာထက်မနည်း ရှစ်မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14)အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၀ မျက်နှာထက်မနည်း၊ ၁၁ မျက်နှာထက်မများ မိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၁×၁၂ အရွယ်ဖြင့် အကန့်အသတ်မရှိတင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဝင်စာမူများနှင့် ဓာတ်ပုံများကို ၁၇-၁-၂၀၁၅ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး လူထုအားကစားနှင့်ပညာပေးဌာနခွဲ အားကစားဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၃၁)သို့ လိပ်မူကာ ပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန် တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက် တစ်စောင်တို့ ပါရှိရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များအားလုံး ထည့်သွင်းထားသည့် Soft Copy တစ်ချပ်ကိုပါ ထည့်သွင်းပေးပို့ကြရန် ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသောစာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါးနှင့်ဓာတ်ပုံပြိုင်ပွဲမှားအတွက် ပထမဆုကို ကျပ်ခြောက်သိန်း၊ ဒုတိယဆုကို ကျပ်ငါးသိန်း၊ တတိယဆုကို ကျပ်လေးသိန်းနှင့် နှစ်သိမ့်ဆုကို ကျပ်သုံးသိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများကို နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသောစာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆၊ ၀၉-၄၄၈၅၃၃၃၁၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓနုဖြူမြို့နယ်တွင် ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ဓနုဖြူ အောက်တိုဘာ ၁၉

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၂ ရက် နံနက် ၉နာရီက ၂၀၁၂-၂၀၁၃ ခုနှစ် ယူ-၁၆၊ ယူ-၁၉အာရှခြေစစ်ပွဲအောင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင်ပါဝင်သော ကစားသမားနှစ်ဦးနှင့် ၂၀၁၄ ခုနှစ် ဓနုဖြူမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော ဌာနဆိုင်ရာမှ တာဝန်ရှိသူသုံးဦးကို ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပသည်။

ယူ-၁၆၊ ယူ-၁၉ အာရှခြေစစ်ပွဲအောင် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများဖြစ်ကြသည့် လမန်းကျေးရွာအုပ်စု ကျုံပိုင်းကျေးရွာမှ မအေးအေးမိုးကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်နှင့် ကုန်းတန်းမြောက်ကျေးရွာအုပ်စု လှေဆွဲကျေးရွာမှ မအေးမျိုးမြတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့် ငွေကျပ် ငါးသိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးအောင်မျိုးသန့်ကို တိုင်းဒေကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်း၊ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းကို မြို့နယ်ဖွံ့/ထောက် ကော်မတီအတွင်းရေးမှူး ဦးကြိုင်စိုး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးကြည်ဝင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး (အငြိမ်းစား)ဦးစိန်မောင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများတွင် ငွေကျပ် ၅၀ တန်နှင့် ငွေကျပ် ၁၀၀ တန်လက်မှတ်များ ရောင်းချမည်

နေပြည်တော် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများကို အသုံးပြုနေသော ခရီးသည်များ အဆင်ပြေစေရေးအတွက် လည်းကောင်း၊ ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုများကို တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဖြေရှင်းပေးရေးအတွက်လည်းကောင်း၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားပြေးဆွဲမှုလုပ်ငန်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြန်မာ့မီးရထားအနေဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အတတ်နိုင်ဆုံးကြိုးစား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၁၇-၄-၂၀၁၃ ရက်မှစ၍ မြို့ပတ်ရထားများတွင် အထူးတွဲများချိတ်ဆက်ခြင်း၊ ၅-၁၀-၂၀၁၃ ရက်မှစ၍ ပထမအကြိမ် Air Con မြို့ပတ်ရထားစတင် ပြေးဆွဲခြင်း၊ ၁-၁၁-၂၀၁၃ ရက်နှင့် ၁-၁-၂၀၁၄ ရက်မှစ၍ အထူးတွဲဆိုင်း မြို့ပတ်ရထားများပြေးဆွဲခြင်း၊ ၁၆-၈-၂၀၁၄ ရက်နှင့် ၂၄-၈-၂၀၁၄ ရက်တို့တွင် ဒုတိယအကြိမ် Air Con မြို့ပတ်ရထားနှစ်စင်း ထပ်မံပြေးဆွဲခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိရာ နေ့စဉ်တွဲဆိုင်း ၂၃ ဆိုင်းဖြင့် ခရီးစဉ် ၂၀၁၅ ခေါက် ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် လက်မှတ်များ စျေးနှုန်းချိသာမှုရှိစေရေးအတွက် ၁၆-၈-၂၀၁၄ရက်မှ စတင် ၍ Air Con ရထားလက်မှတ်များကို ငွေကျပ် ၄၀၀ မှ ၃၀၀ သို့လည်းကောင်း၊ အထူးတွဲဆိုင်းမြို့ပတ်ရထား လက်မှတ်များကို ငွေကျပ် ၃၀၀ မှ ၂၀၀ သို့လည်းကောင်း လျှော့ချပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ခရီးသည်များ စျေးနှုန်းချိသာစွာ လက်မှတ်ဝယ်ယူနိုင်ရေးအတွက် လက်ရှိ ငွေကျပ် ၁၀၀ တန်ခရီးစဉ်နှစ်ခုအသုံးပြုနိုင်သော လက်မှတ်များကို ၁၅ မိုင်အထိ ငွေကျပ် ၅၀၊ ၁၅ မိုင်မှ မိုင် ၃၀ အထိ ငွေကျပ် ၁၀၀ နှင့် မြို့တစ်ပတ်လျှင် ငွေကျပ် ၁၀၀ လက်မှတ်ရောင်းချမှုစနစ်ကို လာမည့် နိုဝင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူပျောက်ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ ဧီးကုန်းကျေးရွာ၊ အမှတ်(၄)လမ်း၊ အမှတ်(၁၀)နေ ဦးသိန်းလှိုင်-ဒေါ်ညီညီတင်တို့၏သမီး မစုအိအိသိန်း အသက်(၁၅)နှစ်သည် ကျောင်းမှ နေအိမ်သို့ အပြန်လမ်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါ ရန်နှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖုန်း-၀၉-၅၁၆၉၁၅၂၊ ၀၉-၅၁၆၉၉၂၉

ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်ပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နှယ်အေး)၊ မြေကွက်အမှတ်(၄၁၄)၊ မြေကွက်တည်နေရာအမှတ် ၄၁၄၊ သဇင်နှယ်လမ်း၊ နှယ်အေးရပ်ကွက်၊ ဒေါ်ပုံမြို့နယ် ဦးအောင်ကျော် (LPN-၀၄၁၁၈၈) ၁၂/သဃဏ(နိုင်)၀၁၇၂၉၅ ဦးစိန်ခေါတော အမည်ပေါက် နှစ်ဝ၀ ဂရန်မြေအားအမည်ပေါက် တစ်ဦးဖြစ်သူ ဦးအောင်ကျော် (ဖခင်)နှင့် ဒေါ်ခင်ညီ(မိခင်)တို့ ကွယ်လွန်သဖြင့်တစ်ဦးတည်းသောသား ဦးသိန်းညွန့်, ၁၂/ဒဂန(နိုင်)၁၃၃၀၈၈၈မှ ပိုင်ဆိုင်စာချုပ် အမှတ် ၂၅၅၃/၂၀၁၄ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်မြင့်မြင့်ခင်နှင့်ပူးတွဲ၍ ဦးစိုးနိုင် TRY-၁၃၂၄၈၄ သို့ GP၂၄၂၅၉/၂၀၁၄ လွဲ အပ်လျက်ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ နိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၄၄၅၅၃၊ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကိုလင်း ၉/လဝန(နိုင်)၂၄၉၈၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၈(နေပြည်တော်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၁၉ယ/၉၈၇၂၉၂၊ Zaw cycle-I,M/C ယာဉ်လက်ဝယ်ရှိသူ Chindwin Dragons Co.,Ltd.က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကည၈၊ ခရိုင်ရုံး (ပခုက္ကူ)**

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ည/၈၇၈၂၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကည၈၊ ခရိုင်ရုံး(ကလေး)

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဝေဘာဂီ၊ မြေကွက်အမှတ် (၁၆၀)၊ မြေကွက်တည်နေရာအမှတ်(၁၆၀)၊ နတ်သျှင်နောင်လမ်း ဒေါ်လှမြင့် SGN-021915၊ ဦးထွန်းကြည် AD-008351 အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်လှမြင့်၊ ဖခင် ဦးထွန်းကြည်တို့ ကွယ်လွန်သဖြင့် ဦးမောင်မောင်အေး ၁၂/ဥကမ(နိုင်)ဝ၃၉ဝ၈၈၊ ဦးမောင်မောင်လွင် ၁၂/ဥကမ(နိုင်)ဝ၂၁၈၅၅၊ ဦးမောင်မောင်ဇော် ၁၂/ဥကမ(နိုင်)ဝ၂၁၈၅၄၊ ဒေါ်ဝါဝါနိုင် ၁၂/ဥကမ(နိုင်)၁၅၁၀၂၂ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဦးမောင်မောင်အေး၊ ဦးမောင်မောင်လွင်၊ ဒေါ်ဝါဝါနိုင် တို့ထံမှ အထွေထွေကိုယ်စားလှယ်လွဲစာအမှတ်-၁၈၉၆ဝ/၁၁(၂၁-၁၀-၂၀၁၁)ဖြင့် ရရှိသူ ဦးမောင်မောင်ဇော် ၁၂/ဥကမ(နိုင်)ဝ၂၁၈၅၄ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၉-၅-၁၄	ဒေါ်ယုယုမင့်	၁/ဝတ(နိုင်)ဝ၁ဝ၂ဝ၁	၄ဝ၄/ခ/ဝ၆ဝ/ ၁ဝ၀/ဘ၁ရ	ဒဂရ	၁၃ရ	၁၃ရ	ဦးခေါင်ရော	ဝယ်ယူခြင်း

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် (၅၂၄/ခ)၊ မြေကွက်တည်နေရာအမှတ် (၅၂၄/ခ)၊ အနော်မာ ၂၁လမ်းအနောက်၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်မြင့်မြင့်စန်း)အမည်ပေါက် နှစ် ၆ဝ ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်စန်း ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် ၃၀၀၃/၁၄(၁၅-၇-၁၄) ဖြင့် ပိုင်သူများဖြစ်သော ၁။ ဒေါ်စုမြတ် ၁၂/သကတ(နိုင်)၁၀၅၄၄၉၊ ၂။ ဒေါ်စုလတ်လတ် ၁၂/သကတ(နိုင်)၁၀၆၅၉၀၊ ၃။ ဦးသိန်းသန်းဦး ၁၂/သကတ(နိုင်)၁၀၅၄၃၃၇၊ ၄။ ဦးအောင်ကျော်ကျော် ၁၂/သကတ(နိုင်) ၁၂၂၅၅၇၀၊ ၅။ ဦးအေးအေးအောင် ၁၂/သကတ(နိုင်)၁၁၉၈၉၇၊ ၆။ ဒေါ်သီဂီအေး ၁၂/သကတ(နိုင်)၁၆ဝ၆ဝ၁ တို့မှဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်နှင့် ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄/ဖ)၊ မြေကွက်အမှတ် ၈၆(ခ)၊ မြေကွက်တည်နေရာအမှတ် ၅၂/ဖ(ခ)၊ ဗိုလ်ချုပ်လမ်း၊ ရွှေပြည်သာ (ဦးစံသိန်း၊ ဒေါ်သန်းမြင့်) အမည်ပေါက် နှစ် ၆ဝ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်သန်းမြင့် (အစ်မ) အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ဦးစံသိန်း ၁၂/လမန(နိုင်)၁၁ဝ၁၄၅ မှသေစာရင်း၊ မောင်တော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၃၉၂/ခ၊ မြေကွက်တည်နေရာအမှတ် ၃၉၂/ခ၊ မြို့မ ၈ လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးသိန်းမောင် အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေချအထောက်အထားထုတ်ပေးခဲ့ပြီး၄င်းမကွယ်လွန်မီက အဆိုပါမြေကွက်အား(သား)ဖြစ်သူ ဦးမျိုးအောင် ၁၂/ဥကမ(နိုင်) ၀၈၆၃၇၄ သို့ကျမ်းသစ္စာပြုလွှာဖြင့် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းအထောက်အထားများ တင်ပြ၍ အထူးဂရန်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြေငြာ

ပညာရေးအရည်အသွေးမြင့်မားရေးအတွက် အခြေခံပညာ သင်ရိုးညွှန်းတမ်းမြှင့်တင်အကောင်အထည်ဖော်မှုအခြေအနေ

ပညာရေးအရည်အသွေး မြင့်မားရေးအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းမြှင့်တင်အကောင်အထည်ဖော်မှု အခြေအနေကို မိဘပြည်သူများအား တင်ပြနိုင်ရန်အတွက် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီးနှင့် သတင်းအဖွဲ့တို့တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

မေး ။ ။ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းမြှင့်တင်တဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေတယ်လို့ ကြားသိရပါတယ်။ အဲဒီဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး သိပါရစေ။

ဖြေ ။ ။ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းမြှင့်တင်တဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေတယ်ဆိုတာ မှန်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပြည်တွင်းပညာရှင်များနဲ့ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review -CESR) ကို ၂၀၁၂ ခုနှစ် သြဂုတ်လမှ စတင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ အထူးသဖြင့် အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍတို့နဲ့ပတ်သက်တဲ့ ကဏ္ဍခြောက်ခုကိုလေ့လာဆန်းစစ်ပြီးတော့ တွေ့ရှိချက်တွေနဲ့ ထောက်ခံအကြံပြုချက်တွေကို တိုင်းဒေသကြီး/ ပြည်နယ်များမှ ပြည်သူအခြေပြု ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းဆွေးနွေးပြီး ထောက်ခံအကြံပြုချက်များအရ ၂၀၁၃ ခုနှစ် မတ်လမှာ အဆင့်(၁) အစီရင်ခံစာကို ပြုစုခဲ့ပါတယ်။ အဲဒီ အစီရင်ခံစာမှာ အခြေခံပညာ သင်ရိုးညွှန်းတမ်းနဲ့ ပတ်သက်ပြီး သုံးသပ်ချက်တွေ ထောက်ခံအကြံပြုချက်တွေ ပါရှိခဲ့ပါတယ်။ အဲဒီ ထောက်ခံအကြံပြုချက်တွေအရ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲရလဒ်အနေဖြင့် ပညာရေး မြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၊ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့နဲ့ လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့တို့ကို ဖွဲ့စည်းပြီး အမျိုးသားရေးမူဝါဒ၊ အမျိုးသားပညာရေး ဥပဒေတို့ကို ဒေသန္တရအဆင့်ဆွေးနွေးပွဲများ၊ အမျိုးသား အဆင့်ဆွေးနွေးပွဲတို့ကို ကျင်းပပြီး ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့ထဲမှာ ပါဝင်တဲ့ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ ဆိုင်ရာလုပ်ငန်းအဖွဲ့က CESR အဖွဲ့နဲ့ပူးပေါင်းပြီး ပထမအဆင့် လုပ်ငန်းအနေနဲ့ ကလေးများရဲ့သင်ယူမှု ဝန်ထုပ်ဝန်ပိုး လျော့ကျသွားစေပြီး သင်ခန်းစာများ ကျစ်လျစ်သွားစေဖို့အတွက် Grade 1 မှ Grade 11 အထိ ပြဋ္ဌာန်းချက်စာအုပ်များမှာပါတဲ့ သင်ခန်းစာပမာဏရဲ့ ၂၀ ရာခိုင်နှုန်းခန့်ကို လျှော့ချပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး အခြေခံပညာသင်ရိုး ညွှန်းတမ်းဆိုင်ရာ မူဝါဒများနဲ့ လုပ်ငန်းစဉ်များကို ဆက်လက်ရေးဆွဲခဲ့သလို CESR အဆင့် (၂) မှာလည်း အခြေခံပညာသင်ရိုးညွှန်းတမ်းနဲ့ ပတ်သက်တာတွေကို အသေးစိတ်လေ့လာဆန်းစစ်ပြီး ထောက်ခံအကြံပြုချက်တွေ ရရှိတဲ့အခါ တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင် (မူကြမ်း)ကို ဆက်လက်ရေးဆွဲပြီး ညှိနှိုင်းဆွေးနွေးပွဲတွေ ဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ အဲဒီလို သင်ရိုးညွှန်းတမ်းအညွှန်းဘောင် (မူကြမ်း)ကို ဆွေးနွေးတဲ့အခါမှာ အခြေခံပညာအထက်တန်းအဆင့် သိပ္ပံနှင့် သင်္ချာဘာသာရပ်တွေကို မြန်မာဘာသာနဲ့ ပြုစုသင်ကြားပေးဖို့ သင့်/မသင့် ဆွေးနွေးကြတယ်လို့ ကြားနေရပါတယ်။ အဲဒီဆွေးနွေးချက်တွေနဲ့ပတ်သက်လို့ သိပါရစေ။

ဖြေ ။ ။ အမျိုးသားပညာရေးဥပဒေနဲ့အညီ သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (မူကြမ်း)ကို ပညာရေးအရည်အသွေးမြင့်မားရေး ဦးတည်လျက် သင်ရိုးညွှန်းတမ်း အခြေခံမူများ၊ ကျောင်းတက်ရက် KG၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်တို့ရဲ့ ရည်ရွယ်ချက်များ၊ သာသာရပ်နယ်ပယ်များ၊ သင်ခန်းစာများနဲ့ Language of Instruction, Local Curriculum , 21st Century Skills and Vocationally Relevant Skills, ICT in Education, Child Centered Approach, Quality Assessment တို့ အကျုံးဝင်တဲ့ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်(မူကြမ်း)ကို ဆွေးနွေးတဲ့နေရာမှာ ကျောင်းသား ကျောင်းသူတို့အနေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ လူစွမ်းအားအရင်းအမြစ်များဖြစ်အောင် ပြုစုပျိုးထောင်နိုင်ရေးကို ရည်ရွယ်ပြီးတော့ ဆွေးနွေးနေကြတာဖြစ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များကကြီးကြပ်ပြီးတော့ မူလတန်းကျောင်းတစ်ကျောင်းမှာ ကျောင်းအုပ်အပါအဝင် မူပြ ငါးဦး ပြည့်မီအောင် ခန့်ထားပေးခြင်း၊ ပညာရေးကောလိပ်များတွင် ဗြိတိသျှကောင်စီနဲ့ ပူးပေါင်းပြီး ဗြိတိသျှ ဆရာ ဆရာမ ၅၀ တို့က ၂၄ လကြာ နေထိုင်ပြီး အင်္ဂလိပ်စာအရည်အသွေး မြင့်မားရေးသင်တန်းများ ပို့ချခြင်း၊ ကျောင်းအုပ်ကြီးများနဲ့ မြို့နယ်ပညာရေးမှူးများအတွက် စီမံခန့်ခွဲမှုသင်တန်းများနဲ့ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ဘဏ္ဍာရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ဘက်စုံပညာထူးချွန်လူငယ်များ၊ ကင်းထောက်လူငယ်များ၊ ကြက်ခြေနီလူငယ်များ ပြုစုပျိုးထောင်ပေးခြင်းတို့ကို ဆောင်ရွက်နေသလို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကစပြီး အခမဲ့ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အတွက်ကြောင့် သင်ယူမှုအခွင့်အလမ်းများ ပိုမို မြင့်မားလာပြီး ပညာသင်နှစ်ကစပြီး အခမဲ့ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အတွက်ကြောင့် သင်ယူမှုအခွင့်အလမ်းများ ပိုမို မြင့်မားလာပြီး ကျောင်းနေနှုန်းများ တိုးတက်မြင့်မားလာတာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့် သင်ယူမှုအခွင့်အလမ်းများ မြင့်မားလာအောင် ဆောင်ရွက်ပေးနေသလို ပညာရေးအရည်အသွေး မြင့်မားလာအောင်လည်း ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းတွေကို အမျိုးသားပညာရေး ဥပဒေနဲ့အညီ စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ပညာရေးအရည်အသွေးမြင့်မားရေး ဆောင်ရွက်တဲ့အခါမှာ သင်ရိုးညွှန်းတမ်း အရည်အသွေးမြင့်မားရေးကလည်း အရေးကြီးတဲ့အတွက်ကြောင့် အစည်းအဝေးတက်ရောက်လာတဲ့ ပါမောက္ခများကလည်း အထက်တန်းအဆင့် သင်္ချာနှင့် သိပ္ပံဘာသာရပ်များကို အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသားပြုစုသင်ကြားသင့်ကြောင်း ဆွေးနွေးအကြံပြုခဲ့ကြတဲ့အပြင် သင်ရိုးရေးဆွဲရေးအဖွဲ့ဝင်များကလည်း မိမိတို့နီးစပ်ရာ ကျောင်းသား၊ မိဘ၊ ဆရာများရဲ့ သဘောထားတွေကို မေးမြန်းတဲ့အခါ အလုပ်အကိုင်အခွင့်အလမ်း များများရရှိရေး၊ အဆင့်မြင့်ပညာဆက်လက်သင်ယူရေးနဲ့ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်း ဖြစ်ရေးအတွက် အင်္ဂလိပ်ဘာသာနဲ့သာ ပြုစုရေးသားသင့်တယ်လို့ အကြံပြုခဲ့ကြပါတယ်။ ဒါကြောင့် အခြေခံပညာ အထက်တန်းအဆင့် သိပ္ပံနဲ့ သင်္ချာဘာသာရပ်တွေကို မြန်မာဘာသာနဲ့ ပြုစုမယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။

မေး ။ ။ အခြေခံပညာအထက်တန်းအဆင့် သိပ္ပံနဲ့သင်္ချာဘာသာရပ်တွေကို အင်္ဂလိပ်လိုဆက်သင်တာနဲ့အမျှ သင်ရိုးညွှန်းတမ်းပိုင်းအနေနဲ့ ပညာရေးအရည်အသွေးမြင့်မားလာအောင် ဘယ်လိုလုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ လိုအပ်တယ်လို့ ထင်ပါသလဲ။

ဖြေ ။ ။ ပညာရေးအရည်အသွေး ထိန်းသိမ်းမြှင့်တင်နိုင်ဖို့အတွက် အခြေခံပညာအထက်တန်းအဆင့် သိပ္ပံနဲ့သင်္ချာဘာသာရပ်တွေကို အင်္ဂလိပ်လိုဆက်သင်ဖို့ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ အမျိုးသားပညာရေးဥပဒေနဲ့အညီ လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်မယ်လို့မြင်ပါတယ်။ ပထမလုပ်ငန်းအနေနဲ့ အင်္ဂလိပ်စာတတ်မြောက်မှုအပေါ် အခြေခံပြီး သိပ္ပံနဲ့ သင်္ချာပြဋ္ဌာန်းစာအုပ်တွေကိုပြုစုဖို့ အဓိကဆောင်ရွက်ရပါမယ်။ ဒါမှ သိပ္ပံနဲ့ သင်္ချာစာအုပ်တွေမှာပါတဲ့ အင်္ဂလိပ်စာအရေးအသားကို ကျောင်းသား ကျောင်းသူတွေ ပိုမိုနားလည်သဘောပေါက်လာမှာဖြစ်ပါတယ်။ ဒုတိယလုပ်ငန်းအနေနဲ့ ပထမတန်းမှ အခြေခံပညာပြီးဆုံးသည်အထိ အင်္ဂလိပ်စာကို စနစ်တကျတတ်အောင်သင်ဖို့ ဦးတည်ဆောင်ရွက်ပါမယ်။ အဲဒီလို အင်္ဂလိပ်စာကို စနစ်တကျတတ်အောင် သင်လိုက်ရင် သိပ္ပံနဲ့ သင်္ချာဘာသာရပ်တွေ လေ့လာရာမှာ ပိုမိုအောင်မြင်လာမယ်လို့ ယုံကြည်ပါတယ်။ တတိယလုပ်ငန်းအနေနဲ့ အရေးကြီးဆုံးကတော့ ဆရာ ဆရာမများရဲ့ အင်္ဂလိပ်စာ၊ သင်္ချာနဲ့ ဝိဇ္ဇာ/သိပ္ပံဘာသာရပ်စွမ်းရည်တွေကို မြှင့်တင်ပေးဖို့ ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလိုသင်ပြတဲ့ ဆရာအပိုင်းက ဘာသာရပ်လည်း ကျွမ်းကျင်လာမယ်၊ အင်္ဂလိပ်စာလည်း ပိုမိုပိုင်နိုင်လာမယ်ဆိုရင် အဲဒီသင်္ချာနဲ့ ဝိဇ္ဇာ/သိပ္ပံဘာသာရပ်တွေကို သင်ပြရာမှာလည်း နိုင်ငံတကာ ရည်ညွှန်းစာအုပ်များကိုပါ လေ့လာ၍ ပိုမိုထိရောက်စွာ သင်ကြားပို့ချလာနိုင်ပြီး ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း ပိုမိုတတ်မြောက်လာမှာ ဖြစ်တာကြောင့် နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမယ့် ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ လူစွမ်းအားအရင်းအမြစ်တွေကို ပိုမိုပြုစုပျိုးထောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ။

သတင်းအဖွဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဝန်ထမ်းအိမ်ရာ အဆောက်အအုံများအတွက် အဝင်လမ်းနှင့် ကားရပ်နားရန်နေရာများ၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၇-၁၀-၂၀၁၄ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၃-၁၁-၂၀၁၄ရက်
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်**
- **ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့် စံချိန်စံညွှန်းစာအိတ်** - ၁၂-၁၁-၂၀၁၄ရက်
- **ဈေးနှုန်းတင်သွင်းလွှာစာအိတ်** - ၁၉-၁၁-၂၀၁၄ရက်

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၁၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီ
၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇-၁၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ စီစစ်ရွေးချယ်ရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဦးစီး၊ ရုံးအမှတ် (၁၁)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၇၄၄၉၊ ၀၆၇-၄၀၇၄၂၅

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေး၀ါးထုတ်လုပ်ရေးလုပ်ငန်း စက်ရုံ(၂)ရုံအတွက် ထုပ်ပိုးပစ္စည်း(ကျပ်ဘူးခွံ၊ တံဆိပ်ပတ်၊ အညွှန်း၊ ကော်ဘူးခွံ၊ ဖန်ပုလင်း၊ ရှရင်ကာ)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ကုမ္ပဏီ/ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်းအသေးစိတ်နှင့် ထုပ်ပိုးပစ္စည်းများ စာရင်းအသေးစိတ်ကို ကျန်းမာရေး၀န်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇) နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၆၇-၄၃၁၀၉၄/၄၃၁၁၄၈ တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များအား
စာတင်ရောင်းချမည့်ရက် - ၂၂-၁၀-၂၀၁၄ရက်
၄။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၇-၁၁-၂၀၁၄ရက်

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၂)နဝမတန်း(G)မှ မစိုးအိစပယ်၏ ဖခင်အမည်မှန်မှာ ဦးစိန်ထွန်းဦး ၅/တဆန(နိုင်)၀၈၀၇၀၅ ဖြစ်ပါသည်။

ဦးစိန်ထွန်းဦး

မိဘအမည်မှန်

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (H)မှ နန်းဖြင့်မြင့်ထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၆-၁၉၃၆ ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးအိုက်ရီနှင့် ဒေါ်ပီနန်းလုံ ဖြစ်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(တင်ဒါအဆိုပြုလွှာများဖိတ်ခေါ်ခြင်း)

၁။ **ရှမ်းပြည်နယ်(တောင်ပိုင်း)အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း၏ design, supply and installation of Hydromechanical and Electromechanical Woks လုပ်ငန်းအတွက် တင်ဒါအဆိုပြုလွှာများအား နိုင်ငံခြားငွေ(USD)ဖြင့် အဆိုပြုတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။**

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၅-၁၁-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါအဆိုပြုလွှာနောက်ဆုံး - ၁၉-၁၂-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ
တင်သွင်းရမည့်ရက်

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၁၀၊ ၀၉-၂၅၀၃၄၅၅၃၄၉၊ ၀၉-၄၅၀၅၅၃၄၆၆၈၉၊ ၀၉-၄၂၀၇ဝ၆ဝ၆ဝ၉၊ ၀၉-၄၂ဝ၇ဝ၁ဝ၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၁၁

ယာဉ်မှတ်ပုံတင်စာအုပ်ပိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/ဂ၃ခ၆၁ Honda Dream -125 ယာဉ် လက်ဝယ်ရှိသူ ဦးမြကြေင် ၁၀/မလမ(နိုင်)၀၆၆၄၅၀၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်ပိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/ဉ၉ဉ၇၈ Honda Dream ND 125 ယာဉ်လက်ဝယ်ရှိသူ ခေါ်သင်းသင်းယု ၁၀/မလမ(နိုင်)၂၁၆ဂ၇၉ဂ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

အမည်မှန်

ကျောက်မဲမြို့၊ အထက(၄)၊ ဆဋ္ဌမတန်း (C)မှ ဦးမျိုးဇော် ၈/ရနခ(နိုင်)၀၈၄၃၇၃၏သမီးမခင်မိမိဇော်၏အမည်မှန်မှာ မနေခြည်ရွှေ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ အဋ္ဌမတန်း(B)မှ မောင်ရဲညီညီဇော်၏ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ၁၃/လရန(နိုင်)၀၀၀၈၇၅ ဖြစ်ပါသည်။

အမည်မှန်

နမ့်ဆန်မြို့၊ ဟိုမိန်းကျေးရွာရှိ ဦးကပ်ရှင်ခိုင်နှင့် ဒေါ်ခမ်းယဉ်တို့၏ သမီး မန္တမ်ရှင်းဒိမ်၏ အမည်မှန်မှာ မချောချောစု ၁၃/နဆန(နိုင်)၀၆၄၈၅ ဖြစ်ပါသည်။

ဖခင်အမည်မှန်

လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ စိုင်းမောင်မောင်ညွှန့်နှင့် နဝမတန်းမှ မောင်အောင်ကျော်မိုးတို့၏ဖခင်အမည်မှန်မှာ ဦးရန်ချင်သာ(ခ)ရန်ချင်းသာ ၁၃/လရန(နိုင်)၀၈၅၄၂ ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ကြေငြာ

ပညာရေးအရည်အသွေးမြှင့်တင်ရန် ထားဝယ်တက္ကသိုလ်တွင် ညှိနှိုင်းဆွေးနွေး

ထားဝယ် အောက်တိုဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပညာရေးအရည်အသွေးမြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ တာဝန်ရှိသူများ၊ ထားဝယ်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြတ်ကိုက ပညာရေးအရည်အသွေးမြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသည် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းနှင့် အရည်အသွေး မြင့်မားလာစေရေးကိုဦးတည်ပြီး နိုင်ငံတော်၏ လိုအပ်ချက်နှင့် ကိုက်ညီသော လူစွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ လက်တွေ့ကျသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နည်းဥပဒေနှင့် အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေများတွင် ပါဝင်သည့် အချက်အလက်များကို တက်ရောက်လာသူများက ပိုင်းဝန်းဆွေးနွေးညှိနှိုင်းပေးရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခိုင်မြက ပညာရေးအရည်အသွေးမြှင့်တင်မှုဆိုင်ရာများနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်မြန်မာစာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာစိုးနိုင်က လူထုပူးပေါင်းပါဝင်မှုဖြင့် ပညာရေးအရည်အသွေး မြှင့်တင်အကောင်အထည်ဖော်ရေးအစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဥပဒေပြုစုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒဂုံတက္ကသိုလ်ဥပဒေပညာဌာန ပါမောက္ခ ဒေါက်တာကြူကြူဆွေနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ ဒေါ်ခင်ချစ်ချစ်တို့က အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ပညာရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များက ပညာရေးအရည်အသွေး မြှင့်တင်မှုဆိုင်ရာများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြက ၄င်းတို့၏ ဆွေးနွေးအကြံပြုချက်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြတ်ကိုက နိုဝိုးချုပ် အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(တိုင်းဒေသကြီး မြန်/ဆက်)

> နည်းဥပဒေနှင့် အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေများတွင် ပါဝင်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်း

၂၀၁၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မီနီမာရသွန် အပြေးပြိုင်ပွဲကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ၂၀၁၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မီနီမာရသွန် အမျိုးသား ၁၂ ကီလိုမီတာနှင့် အမျိုးသမီး ရှစ်ကီလိုမီတာပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီနီမာရသွန်အပြေးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုကြသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီး အပြေးအားကစားသမားမောင်မယ်များအနေဖြင့် အောက်တိုဘာ ၂၈ ရက်နောက်ဆုံးထား၍ နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာနပေါင်းလောင်းအားကစားကွင်း ပျဉ်းမနားမြို့ ဖုန်း-၀၆၇-၂၂၀၈၂ သို့ စာရင်းပေးသွင်းနိုင်ကြကြောင်းနှင့် အဆိုပါ မီနီမာရသွန်ပြေးပွဲကျင်းပမည့်နေရာမှာ ပျဉ်းမနားမြို့ ကန်တော်မဂ်လာခန်းမရှေ့၌ဖြစ်ကြောင်း သိရသည်။

ကိုကြီးကျော်(ပျဉ်းမနား)

ကျေးရွာများသို့ စာအုပ်စာစောင်များ အခမဲ့ကွင်းဆင်းဌားရမ်း

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် ပြည်သူများ လက်ဝယ်အရောက် စာအုပ်စာစောင်များကို အခမဲ့ဌားရမ်းပေးလျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ဒကွိဏာခရိုင် ဒုတိယဦးစီးမှူး ဒေါ်ဖြူသွယ်ထွန်းနှင့် ဝန်ထမ်းများသည် ဒကွိဏာသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု မဲဒီးကျေးရွာသို့သွားရောက်၍ ကျေးလက်နေ ပြည်သူများအတွက် ရွှေ့လျားစာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ်စာစောင်များ ဌားရမ်းပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါရွှေ့လျားစာကြည့်တိုက်တွင် သုတရသ စာအုပ်စာစောင် ၂၀၀ ကျော်ကို ပြသဌားရမ်းပေးခဲ့ပြီး ဌားရမ်းပေးခဲ့သည့် စာအုပ်များကို ရက်သတ္တတစ်ပတ်ပြည့်လျှင် ပြန်လည်သိမ်းယူ၍ စာအုပ်အသစ်များဖြင့် အပတ်စဉ် အဆက်မပြတ်လဲလှယ်ဌားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေကုန်ကို

အခမဲ့ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသမှုများ ဆောင်ရွက်

မြိုင် အောက်တိုဘာ ၁၉

မြိုင်မြို့နယ် အိုရင်း(စံပြ)ကျေးရွာတွင် ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းတို့ကို ကျေးရွာအလယ်တန်းကျောင်း(ခွဲ)၌ အောက်တိုဘာ ၁၄ ရက်က ပြုလုပ်ခဲ့ပြီး အထွေထွေရောဂါကုဆရာဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဦးအောင်သန်း၊ ဒေါက်တာဦးဌေးလှိုင်၊ သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး ဒေါက်တာဦးကြည်မင်းနှင့် သူနာပြုဆရာမများက ဒေသခံပြည်သူ ၂၀၀ ကျော်ကို လုပ်အားဒါနပြု ကုသပေးခဲ့ကြောင်း သိရသည်။

အိုရင်း(စံပြ)ကျေးရွာရှိ အိမ်ထောင်စု ၃၄၀ ခန့်မှ ဒေသခံပြည်သူ ၁၈၀၀ ကျော်အတွက် သန့်ရှင်းသောသောက်သုံးရေရရှိစေရန် မန္တလေးမြို့မြောက်ပြင်ရပ်နေ ဦးလှဝင်းမောင်မိသားစုက အနက် ၇၂၂ ပေရှိ သောက်သုံးရေတွင်းတူးဖော်မှု ကုန်ကျငွေကျပ် ၁၁၃ သိန်း လျှာ်ငါန်းခြင်း အထိမ်းအမှတ်အဖြစ် အိုရင်း(စံပြ) ကျေးရွာဇာတိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းညွန့် (သူနာပြု-ငြိမ်း)နှင့် တပည့်များဖြစ်ကြသော ဝန်ထမ်းများက ဆေးဝါနကုသိုလ်အဖြစ် အခမဲ့ကျန်းမာရေးစစ်ဆေးမှုနှင့် ကုသမှုများ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အလှူရှင် ဒေါ်သိန်းညွန့်သည် တာဝန်ထမ်းဆောင်ခဲ့စဉ်က သူနာပြုသင်တန်းကျောင်းသူများနှင့် အဆင့်မြင့်ပညာ တက်ရောက်သူများထဲမှ နွမ်းပါးသူများအား ၄င်း၏လစာမှ လစဉ်ထောက်ပံ့ပေးခဲ့ပြီး ယခုလက်ရှိ အငြိမ်းစားဘဝ၌ပင် ဆက်လက်ထောက်ပံ့ပေးလျက်ရှိသည်။ ဒေါ်သိန်းညွန့်သည် အိမ်ထောင်မရှိ တစ်ဦးတည်းနေထိုင်လျက် အလှူဒါနပြုခြင်း၊ တရားဘာဝနာအားထုတ်ခြင်းများ ပြုလုပ်လျက်ရှိကာ ပခုက္ကူမြို့ အမှတ်(၆) ရပ်ကွက်ရှိ ၄င်း၏ကိုယ်ပိုင်မြေနှင့် အဆောက်အအုံကိုလည်း ပခုက္ကူမြို့ ညွှန့်မေတ္တာရိပ်မြိုဆေးခန်းအဖြစ် အသုံးပြုရန် လှူဒါန်းခဲ့ပြီးဖြစ်သည်။

အောင်(မန်းတက္ကသိုလ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ပစ္စည်းများအားရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၁၀-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၂-၁၀-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ စက်မှုပညာပြန်ကြားရေးဌာန (စာကြည့်တိုက်)အတွက် Technical Books များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၂၀-၁၀-၂၀၁၄ ရက်မှ ၃၀-၁၀-၂၀၁၄ ရက်အထိ

